Bibliographic Data

Author	ကြန် ၊ ဒေါ်	KYAN , Daw	Kran‘ , Do‘	**Art.** MK0001J

Article Title

မင်းတုန်းမင်း၏ မှူးကြီးမတ်ကြီးများ

King Mindon's Counselors

Man‘" tun‘" man‘" e* mhu" kri" mat‘ kri" mya¯"

Title (Book/Serial)

မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ်

Journal of Burma Research Society

Issue and Volume Vol. 44, No. 1

Edition

Place/ Publisher

Distributor

Ed. Date June. 1961

Pagination p. 61 - 80

Annotation

Author read this paper at annual meeting of Burma Research Society on 24 Feburary 1961.
King Mindon (1852 - 78) governed Burma for nearly 26 years. His counselors were esteemed as they gave good advice and served him well in administering the country. The most famous were the Pakhan Wungyi, Kinwun Mingyi and Yaw Atwinwun. Mindon's Legislative Council was also powerful as they had the power to remove royal orders. The author believes that Myanmar counselors functioned well during King Mindon's reign and are a model for today.

Subject Terms

1. Myanmar Counselors
2. Myanmar - Politics and government

Key Words

1. Wungyi -Minister of the Hluttaw
2. Atwinwon - Interior Minister)
3. Wondauk-officer who assisted the Hluttaw

မင်းတုန်းမင်း၏ မှူးကြီး မတ်ကြီးများ*

မကြန် ** ရေးသည်

ဓမ္မရာဇာ သို့မဟုတ်တရားမင်းဟူသော အမည်တွင် မြန်မာတို့၏ မင်းနှင့်ပေါ်ဆိုင်သော အယူအဆအားလုံးချုပ်၍ ပေါ်ပြူပါရှိသည်။ မိုးမြေကိုလည်း စိုးသော မင်းဟူ၍ ဝိသေသပြုကြရကား မင်းဟူသည် သက်ရှိသက်မဲ့ အားလုံး၏ သက်ဦးဆံပိုင် အရှင်ဖြစ်သည်ဟုအသိအမှတ်ပြုကြရပေါသည်။ အချုပ်အချာ အာဏာရှိသူလည်းဖြစ်၏။ သို့သော် ဘုရင်မင်းမြတ်သည် မိမိ၏သက်ဦးဆံပိုင်တန်ခိုးအာဏာကို ကျင့်သုံးရာ၌ အချုပ်အချယ်တို့မှ လုံးလွတ်ကင်းသည်မဟုတ်ချေ။ အနည်းဆုံး ဗုဒ္ဓဘာသာတရားတော်ကိုစောင့်သိကျင့်သုံးရန်လိုလေသည်။ သို့မှသာ တရားစောင့်သော မင်းကောင်းမင်းမြတ်အဖြစ်ဖြင့် ပြည်သူတို့၏ ကြည်ညိုမြတ်လေးခြင်းကိုခံရပေမည်။ တခါတရံ ပုန်ကန်ထကြွမည်ကို စိုးရိမ်သဖြင့်လည်း အုပ်ချုပ်ရာ၌ တရားစောင့်ရလေသည်။ **ရာဇမတ္တန်** [၁]။ **ရာဇဒေသဝက** [၂]။ **လောကဗျူဟာ** [၃]။ **ရာဇောဝါဒ** [၄]။ အစရှိသည့်ကျမ်းများကလည်း မင်းတို့စောင့်အပ်သော တရားများကိုပါ အကျယ်တဝင့် ညွှန်းဆိုကြပေသည်။ သို့သော်-ဤဥပဒေ ကျင့်ထုံးများသည် ဘုရင်မင်းမြတ်ကိုအကယ်စင်စစ်ချုပ်ကိုင်နိုင်ခြင်းမရှိချေ။ ဘုရင်မင်းမြတ် သဘောတော်အလျောက် လိုက်နာကျင့်သုံးခြင်းမပြုဘဲလည်းနေနိုင်သည်။

သို့နှင့် အချို့သော ဘုရင်မင်းမြတ်တို့သည် တိုင်းပြည်ကို ရှေးထုံးမပျက် မှူးကြီးမတ်ရာ သေနာပတိနှင့်ညှိနှိုင်းတိုင်ပင်၍အုပ်ချုပ်သည်။ ဤမှူးကြီးမတ်ရာသေနာပတိတို့၏ ဦးရေ၊ ရာထူး အဆင့်အတန်းနှင့် အလုပ်ဝတ္တရားမှုကို အစဉ်အလာအားဖြင့် တိကျစွာ သတ်မှတ်ထားပြီးရှိပါသည်။ ဤမှူးကြီးမတ်ရာများက တိုင်းပြည် အုပ်ချုပ်ရေးကို မတော်မစောင်းရလေအောင် ထိန်းမတ်ပေးရန်ပင်ဖြစ်ပါသည်။ သို့သော် ယင်းတို့အား အလေးဂရုပြု၍ ညှိနှိုင်းတိုင်ပင်ခြင်းမှာ ဘုရင်မင်းမြတ်၏သဘောတော်အတိုင်းသာလျှင်ဖြစ်ရကား၊ (၁) ဘုရင်မင်းမြတ်၏ လိုက်လျောခြင်း၊ (၂) မှူးမတ်တို့၏ အရည်အချင်း ကောင်းခြင်းနှင့် (၃) အခါကာလ၏ လျောက်ပတ်ခြင်းကိုလိုက်၍ အမှူးအမတ်တို့၏ ဩဇာအလေးအနက်ရှိ-မရှိကိုသိရသည်။ ဤစာတမ်းဖြင့် မင်းတုံးမင်းတရား (၁၈၅၂-၇၈) လက်ထက် မှူးကြီးမတ်ရာ သေနာပတိတို့၏ အခြေအနေကို အကျဉ်းချုပ်တင်ပြရန် ကြိုးစားရင်းရှိပါသည်။

နိုင်ငံတော်အတွင်းဝယ် မြို့နယ်အုပ်ချုပ်ရေးကိုငှင်း၊ စစ်မက်ရေးရာကိုငှင်း၊ တရားရေးရာတို့ကိုငှင်း လွှတ်ရုံးငါးရပ်ထား၍ စီမံဆောင်ရွက်ပါသည်။ အဆိုပါရုံးတော်ငါးရပ်ကား၊ လွှတ်တော်၊ ဗြဲတိုက်၊ ရှေ့ရုံး၊ တရားရုံးနှင့် အနောက်ရုံးတို့ဖြစ်၏။ ၎င်းတို့အနက်၊ လွှတ်တော်နှင့် ဗြဲတိုက်မှာ နိုင်ငံတော်အုပ်ချုပ်ရေးတရပ်လုံး၏ အရေးအပါဆုံး၊ အချက်အချာဌာနနှစ်ရပ်ဖြစ်ပေသည်။ လွှတ်တော်သည် တရားရုံးတော်ချုပ်ဖြစ်၍ ဥပဒေပြုအဖွဲ့၊ အထက်ရုံးချုပ်နှင့် ဝန်ကြီးအဖွဲ့တို့ကို တပေါင်းတည်းပြုထားသည်နှင့်ပင် တူပါသည်။ ထို့ကြောင့် ဥပဒေပြုခြင်း၊ အုပ်ချုပ်ခြင်းနှင့် တရားစီရင်ရခြင်းတည်းဟူသော တာဝန်အားလုံး ဆောင်ရွက်ရ၏။ ဥပဒေပြုအဖွဲ့အနေနှင့် ဘုရင်မင်းမြတ်ချမှတ်သော အမိန့်တော်ကို ပယ်ဖျက်နိုင်ခွင့်ရှိပေသည်။ အရေးကြီးသော တရားမမှု ရာဇဝတ်မှုကြီးများကို ကြားနာစစ်ဆေးသည့်ပြင် နောက်ဆုံးအယူခံဝင်ရာရုံးတော်သည်းဖြစ်၏။ အုပ်ချုပ်ရေးအာဏာအားလုံးကို ရရှိသောဝန်ကြီးအဖွဲ့လည်းဖြစ်ပါသည်။ ဘုရင်မင်းမြတ်၏အမိန့်တော်တိုင်းသည် လွှတ်တော်တွင် မှတ်သားစာရင်းတင်ပြီးမှ လွှတ်တော်ကထုတ်ပြန်ကြေငြာရပေသည်။ လွှတ်တော်တွင်ပါဝင်မြဲဖြစ်သော အရာရှိကြီးများမှာ၊ ဝန်ကြီးလေးပါး၊ မြင်းစုကြီးဝန်တပါး၊ အသည်ဝန်တပါးနှင့် ဝန်ထောက်လေးပါးတို့ပင်တည်း။ ယင်းတို့ကိုကူညီရန် လက်အောက်မှုထမ်းရာထမ်းငယ်အများလည်းရှိသေးသည်။ သို့သော် အခါအားလျော်စွာ

---

* မြန်မာနိုင်ငံသုတေသနအသင်း နှစ်ပတ်လည် အစည်းအဝေး (၂၄ ဖေဖော်ဝါရီ ၁၉၆၁) တွင် ဒေါက်တာဘသန်းက သဘာပတိလုပ်၍ဖတ်သည်

** မဟာဝိဇ္ဇာ၊သုတေသနအရာရှိ၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်

၁။ အမျိုးသားစာကြည့်တိုက်။ ပေ-၂၂၅၃၊၁၇၃၀

၂။ မောင်းထောင်ဆရာတော်။ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၀၁

၃။ အင်ရုံရွာစားသီရိဥဇနာ။ ရှေးဟောင်းသုတေသနဌာန-ညွှန်ကြားရေးဝန်-ဦးဘိုးလတ်တည်းဖြတ်သည်။ ရန်ကုန်မြို့-၁၉၅၈

၄။ မုံရွေးဇေတဝန်ဆရာတော်။ မန္တလေးမြို့-ဟံသာဝတီပိဋကတ်တိုက်၊ ၁၉၂၆

ဘုရင့်အလိုတော်အတိုင်း ပိုမိုခန့်ထားသည်လည်းရှိ၏။[၁]။ဗြဲတိုက်မှာ အတွင်းဝန်မင်းများ၏ ရုံးတော်ဖြစ်၍ လွှတ်တော် ထက်ပို၍ ဘုရင်နှင့်နီးစပ်လေသည်။ အတွင်းဝန်လေးပါး၊ သံတော်ဆင့်လေးဦး၊ ဗြဲတိုက်သံဆင့်လေးဦးနှင့် စာရေး တော်ကြီးများမှာ ကုန်းဘောင်ခေတ်ဗြဲတိုက်တွင် ပါဝင်မြဲအရာရှိကြီးများဖြစ်ကြပါသည်။[၂]။ သို့သော် ဘုရင့်သဘော အတိုင်း ပိုမိုခန့်ထားသည်လည်းရှိလေသည်။ [၃]။ အတွင်းဝန်များရုံးဖြစ်သော ဗြဲတိုက်သည် ရွှေတိုက်တော်ကိုလည်း အုပ်ချုပ်ရသဖြင့် သွင်းငွေထုတ်စာရင်းကိုကိုင်ရလေသည်။ [၄]။ ၎င်းပြင် မင်းခမ်းမင်းနားနှင့်စပ်၍ နေ့စဉ်မှတ်၊ လစဉ်မှတ်၊ နှစ်စဉ်မှတ်၊အကြောင်းထူးမှတ်စသော အရပ်ရပ်မှတ် သားဘွယ်များကိုလည်း နေ့စဉ်မပြတ်မှတ်သားစေရန် စီမံကြည့်ရှု ရသည်။ [၅]။

ဤသို့လျှင် လွှတ်တော်နှင့် ဗြဲတိုက်သည် နိုင်ငံအုပ်ချုပ်ရေး အချက်အချာ ဌာနကြီး နှစ်ရပ်ဖြစ်ကြပါသည်။ Talboys Wheeler က ဤရုံးတော်နှစ်ရပ်ကို အင်္ဂလန်နိုင်ငံရှေးနော်မန်နှင့် ပလင်တဂျိနက်မင်းများလက်ထက် ဘုရင့် ရုံးတော်များနှင့်အလားတူသည်ဟုနှိုင်းခိုင်းသည်။ [၆]။ အကြောင်းမှာ ဤရုံးတော်များသည် ဘုရင်မင်းမြတ် ထွက်စံတော် မူရာသို့ မပျက်မသွေ လိုက်ပါထမ်းရွက်ကြရသောကြောင့်ပင် ဖြစ်လေသည်။ [၇]။ လွှတ်တော် အရာရှိကြီးများဖြစ်ကြသည့် ဝန်ကြီး၊ မြင်းစုကြီးဝန်၊ အသည်ဝန်၊ ဝန်ထောက်များနှင့် ဗြဲတိုက်အရာရှိဖြစ်သော အတွင်းဝန်များသည် ဘုရင့်အတိုင် ပင်ခံအရာရှိကြီးများနှင့်တိုင်းပြည်ကိုကွပ်ကဲအုပ်ချုပ်ရသည့် မှူးကြီးမတ်ကြီးများဖြစ်ကြသည်။ နိုင်ငံတော်အတွင်း အခြား ရာထမ်းမှုထမ်းများကဲ့သို့ပင် ဤအရာရှိကြီးများကိုလည်း ဘုရင်မင်းမြတ် အလိုတော်အတိုင်း မြှောက်စားခြင်း၊ ယုတ် သိမ်းခြင်းပြုသဖြင့် ၎င်းတို့မှာ စင်စစ်ဘုရင့်အလိုတော်ရိမ်များပင်ဖြစ်မည်ဟုယုံမှတ်နိုင်ပါသည်။

သို့သော် ဤသို့ကြီးမြင့်သော အရာအထူးသို့ရောက်အောင် လူတိုင်းကို မြှောက်စားချီးမြှင့်ရန် မလွယ်ချေ။ ယခု ခေတ်ကဲ့သို့ ထိုစဉ်က ရာထူးဌာနန္တရများကို သာမန်နှင့် ပြန်တမ်းခံဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထားလေသည်။ ပြန် တမ်းခံများတွင် တဖန် ပြန်တမ်းရိုးခံနှင့် ပြန်တမ်းကြီးခံဟု ကွဲပြားပြန်သည်။ပြန်တမ်းခံဆိုသည်မှာ ရှင်ဘုရင့်အမိန့်တော်ကို နာခံတော်က လွှတ်တော်တွင် ဖတ်ပြန်သည့်အခါ၊ ရာထူးခန့်ခြင်းကိုခံရသူသည် အမိန့်တော်ပြန်သောအနားမှာ ရှိသေစွာ နာခံရသည်ကိုခေါ်ပါသည်။[၈]။ ပြန်တမ်းရိုးသာ ခံရသောရာထူးအတွက် ခန့်အပ်လျှာ အမိန့်တော်ပြန်တမ်းမှာ မည်သူကို မည်သည့်နေ့ မည် သည့်ရာထူးတွင် ခန့်အပ်သည်ဟု သာမန်မျှသာပါရှိသည်။ ဤအမိန့်တော် ပြန်တမ်းမျိုးကို ပြန်တမ်းရိုး ဟူ၍ခေါ်သည်။[၉]။ပြန်တမ်းကြီးခံရသော ရာထူးအတွက် ခန့်အပ်လျှာအမိန့်တော်ပြန်တမ်းမှာ ပြန်တမ်းရိုးထက် ပိုမိုခမ်းနား

၁။ ဦးကင်-**မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ် အမိန့်တော်တမ်းကြီး**။ ရန်ကုန်မြို့၊ ၁၉၃၂-ခု။ တတိယတွဲ၊ စာမျက်နှာ ၁၀၇

၂။ တောင်ငူခေတ် နောက်ပိုင်းမင်းများလက်ထက် အတွင်းဝန်ထောက် ၄၊ သံတော်ဦးတင်စစ် ၄၊ ခန့်ထားသည်။ ကုန်းဘောင် မင်များလက်ထက် ဆက်လက်ခန့်ထားခြင်း မတွေ့ချေ။ ဤရာထူးနှစ်ခုမှာ သံတော်ဆင့်ရာထူးနှင့် သဘောတူပင်ဖြစ်သည်။ **အုပ်ချုပ်ပုံ** စ-၁၀

၃။ **အုပ်ချုပ်ပုံ** စ-၁၀

၄။ J. Talboys Wheeler: "Memorandum of the Political Status of Ava", *India Foreign and Political Proceedings*, No. 272, July 1871

၅။ **အုပ်ချုပ်ပုံ** စ-၂၇

၆။ "Memorandum of the Political Status of Ava". *India Foreign and Political Proceedings*, No. 272, July 1871

၇။ ဘုရင်မင်းမြတ် ရွှေစက်တော်ဖြန့်၍ ရောက်ရာအရပ်တိုင်း၌ ခေတ္တမျှစံမြန်းသည်ပင်ဖြစ်စေ၊ ယာယီနန်းတော်နှင့် လျော်ကန်သော လွှတ်တော်တဆောင်ကိုလည်း ဆောက်လုပ်ရမြဲ ဖြစ်သည်။ J. G. Scott: *Gazetteer of Upper Burma and the Shan States*, Part I, Vol. II, p. 476

၈။ **အုပ်ချုပ်ပုံ** တ-၁၉၇

၉။ **အုပ်ချုပ်ပုံ** တ-၁၉၀

၍ ရှည်လျားပြည့်စုံလေသည်။ ရာထူးခန့်ထားခြင်းခံရသူ၏အမည်၊ ခန့်ထားသည့်ရာထူးနှင့် နေ့စွဲတို့သာမက သို့ခန့်ထားတော်မူသည်မှာ ခန့်ထားခံရသူသည် မည်ကဲ့သို့ စွမ်းရည်သတ္တိရှိသည်၊ မည်ကဲ့သို့ ယုံကြည်စိတ်ချရသည် စသည့် ဂုဏ်ထူးဝိသေသများကိုဖော်လျက် ယင်းဂုဏ်ထူးဝိသေသများရှိသည်ကိုအကြောင်းပြု၍ ယခုရာထူးတွင်ခန့်ထားသည်ဟုရှည်လျားစွာ ဖော်ပြပါရှိလေသည်။ ဤကဲ့သို့အမိန့်တော်စာတမ်းကို ပြန်တမ်းကြီးဟူ၍ခေါ်ပါသည်။[၁]

ဘုရင်မင်းမြတ်၏ အတိုင်ပင်ခံအရာရှိကြီးများဖြစ်ကြသည့် ဝန်ကြီး၊ မြင်းစုကြီးဝန်၊ အသည်ဝန်၊ ဝန်ထောက်နှင့် အတွင်းဝန်များသည် ပြန်တမ်းကြီးခံအရာရှိများတွင် အကြီးမြင့်ဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည်။[၂]။ရာထူးခန့်အပ်လွှာများကို ကြည့်ခြင်းအားဖြင့် သာခန် အရည်အချင်း မျှသာ ရှိသူ များသည် ဤရာထူး ဌာနန္တရကြီးများကို မမြော်မှန်းနိုင်ကြောင်း သိသာပါသည်။ ဤမှူးကြီး မတ်ရာ သေနာပတိများသည် အခြား မင်းခ ယောကျ်ားများ နည်းတူ ကမ်းနားသစ်ပင်သာဖြစ်၍၊ အရာရာတွင် ဘုရင့်လိုအင်ဆန္ဒမှာ ဥပဒေဖြစ်ကြောင်း မငြင်းဆိုနိုင်သော်လည်း ဘုန်းတန်ခိုးနှင့် စွမ်းအင်သတ္တိထက်မြက်သော ဘုရင်မင်းမြတ်တို့သည် မိမိ၏မှူးကြီးမတ်ရာ သေနာပတိများကိုရွေးချယ်ရာ၌ သိက္ခာ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသူများကို အလေးဂရုပြု၍ စိစဉ်ရွေးချယ်ကြသည်ဟု ထင်မြင်ရပါသည်။ ယင်းကဲ့သို့သောအခါမျိုး၌ ဘုရင်မင်းမြတ်၏ သက်ဦးဆံပိုင်တန်ခိုးအာဏာမှာ၊ မှူးကြီးမတ်ရာတို့၏ စိတ်ဓါတ်ဖြောင့်မတ်ကြံ့ခိုင်ခြင်းနှင့် အင်အားတူမျှလျက်ရှိရကား၊ ဘုရင်မင်းမြတ်သည် မိမိ၏မှူးမတ်များကို ဆန့်ကျင်ရန်ခက်ခဲ၏။ အလိုတော်မကျသဖြင့် အားလုံးအရာမှ နုတ်သိမ်းရန်လည်းမဖြစ်နိုင်ရကား ယင်းတို့သွန်ပြသည့်အတိုင်း လိုက်နာရသည်လည်းရှိသည်။[၃]။ သို့ရာတွင် ဘုရင့်အတိုင်ပင်ခံ မှူးကြီးမတ်ရာများသည် ဘုရင့်ကိုယ်တော်တိုင် ကြည်ဖြူမြောက်စားထားသည့် ဘက်တော်သားများသာဖြစ်ရကား ၎င်းတို့၏ပင်ကိုယ်အရည်အသွေး ထက်မြက်ထူးချွန်ခြင်း၊ တော်တည့်ဖြောင့်မတ်၍ အစွမ်းသတ္တိ ရှိခြင်းတို့သည် အရှင်သခင်၏ ဘုန်းတံခိုးအရှိန်အဝါကို ပိုမိုကြီးထွားစေလျက် တရားစောင့်သော မင်းကောင်းမင်းမြတ်ဟူသော ဝိသေသကို ရရှိရန် အထောက်အကူပြုလေသည်။

ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်ဟူသော အမည်များသည် ထိုရာထူးများ၏ တာဝန်ဝတ္တရားများကို ဖော်ပြလျက်ရှိပေသည်။ တိုက်ရိုက်အဓိပ္ပါယ်ပြန်ရသော် ဝန်ကြီးဟူသည် ကြီးလေးသောဝန်ကို ထမ်းဆောင်နေရသူဖြစ်၍ ဝန်ထောက်ဟူသည် ကြီးလေးသောဝန်ကို ကူညီထမ်းဆောင်နေရသူဖြစ်သည်။ ထို့အတူ အတွင်းဝန်ဆိုသည် အတွင်းတော်မှ တာဝန်ဝတ္တရားများကို ထမ်းရွက်နေရသူပင်ဖြစ်လေသည်။ ထို့ကြောင့် အမည်နာမများကပင်လျှင် ဤရာထူးများ၏အရေးပါအရာရောက်ပုံနှင့်တာဝန်ဝတ္တရားကြီးမားပုံတို့ကို ညွှန်းဆိုလျက်ရှိပါသည်။ ဝန်ကြီးတို့သည် ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ်၊ အကြောင်းသုံးပါးကို သိကျွမ်းနားလည်သူများဖြစ်ရပေသည်။ ဝန်ကြီးခန့်ပြန်တမ်းတွင် -

ဝန်ကြီးဆိုသည့်အရာသည် ငါအသျှင်ကေရာဇ်မင်းမြတ်တို့တွင် ရာဇဌာနီ ရွှေပြည်တော်ကြီးမှ စ၍ အခြံ

၁။ **အုပ်ချုပ်ပုံ** တ-၁၉၀

၂။ ပြန်တမ်းကြီးခံရသော အခြားအရာရှိများမှာ ရွှေရုံးမှမြို့ဝန်များ၊ တရားရုံးမှတရားသူကြီးများ၊ အနောက်ရုံးမှအနောက်ဝန်၊ လွှတ်ရုံးငါးရပ်တွင်မပါသော်လည်း ပြန်တမ်းကြီးခံရသောအရာရှိများမှာ ဆင်ဝန်၊ ဆင်မင်းဝန်၊ မြင်းဝန်၊ ဘောင်ဝန်၊ ရွှေတိုက်ဝန်၊ ကျီဝန်နှင့် နန်းမတော်ဝန်

အုပ်ချုပ်ပုံ စ-၆၉-၇၁

၃။ ဝန်ကြီးများသည် ဘုရင့်အလိုတော်နှင့်မကိုက်ညီမည့် အကြံဥာဏ်များကိုင်း၊ မနှစ်မြို့မည့်သတင်းများကိုင်း လျှောက်တင်ဝံ့ခဲ့လှသည်။မလွှဲမရှောင်သာ၍လျှောက်တင်ရသောအခါများ၌ကြိုတင်၍အချင်းချင်းကူညီဖေးမရန်တိုင်ပင်ထားပြီးဖြစ်၏။ဘေးအန္တရာယ်မကင်းသောသတင်းစကားကို တဦးကစတင်သံတော်ဦးတင်သည်။ ဘုရင်မင်းမြတ် သဘောတော်မကျကြောင်းကို တွေ့မြင်လျှင်၊ ကျန်ဝန်ကြီးများက တဦးပြီးတဦးအလျှင်းသင့်သလို ဆက်လက်လျှောက်တင်ကြသည်။ ထိုအခါဘုရင်မင်းမြတ်မှာ မည်သည့်ဝန်ကြီးကို အမျက်တော်ရှရမည်ကိုမသိဖြစ်ရတော့သည်။ သို့သော် ရှင်ဘုရင်တိုင်း ဤကဲ့သို့မဟုတ်ချေ။ ဘကြီးတော်မင်းတရားသည် တခါကမှူးကြီးမတ်ရာများကို အစုအပြုံလိုက် ထောင်သွင်းအကျဉ်းချထားခဲ့ဘူးသည်။

Captain Henry Yule: *Narrative of the Mission, sent by the Governor General of India to the Court of Ava in 1855, with notices of the Country, Goverment and People*, London Smith, Elder & Co., 1848, p.244. See also *GUBSS.* Part I, Vol. II, p. 476.

> အရံများသော တိုင်းနိုင်ငံအနီးအဝေး ပြည်ရေးရွာမှု၊ ခပ်သိမ်းသောစီရင်ခင်းအလုံးစုံကိုမြှော်ထောက်၍၊ သာသနာတော် ထွန်းပပွင့်လင်းကြောင်း၊ အကျိုးစီးပွားတော်များ၍ သားတော်အငယ်၊ မြေးတော်အဆက်၊ တိုင်းကားနိုင်ငံတော်စည်ပင်သာယာကြောင်းများကို အမြဲနှလုံးသွင်း၍ ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ် အကြောင်းသုံးပါးကို ကျွမ်းသိ နားလည် သည်နှင့် အညီ၊ ရှေးအဂ္ဂမဟာသေနာပတိတို့ အင်ကိုထောက်၍ ဝန်တို့နှင့်ညီညွတ်စွာခန့်ထားစိုင်-[1]

ဟူ၍ပါရှိသေသည်။ ဝန်ကြီးခန့်ထားခြင်း ခံရလျှင် ရှိရင်းဘွဲ့အပေါ်တွင် အဂ္ဂမဟာသေနာပတိအမည် ထပ်ဆင့်ခံရန် ပြန်တမ်းကြီးမှာတခါတည်းပါသည်။ စစ်ရေးမက်ရေး ပေါ်ပေါက်လာလျှင် အကြီးအမှူးလုပ်၍ တိုက်ခိုက်ရမည်ဟူသော သဘောပင်ဖြစ်လေသည်။[2]။တိုင်းပြည်သာယာချမ်းနေချိန်တွင်မူ ရွှေမြို့တော်အတွင်း သင်းသေနတ်အမှုထမ်းများနှင့် နိုင်ငံတော်အတွင်းရှမ်းပြည်မြို့ရွာများအဝင်အပါ လက်နက်ကိုင် အမှုထမ်းများကို ကြီးမှူးရန် ဝန်ကြီးအချို့ကို တာဝန်ပေးအပ်ထားသေသည်။ ဝန်ကြီးများကို ဝန်ထောက်များကကူညီသည်။ ဝန်ထောက်ခန့်ပြန်တမ်းတွင် -

> ဝန်ထောက်ဆိုသည် အရာသည် ငါအရှင် ဧကရာဇ်မင်းမြတ်တို့တွင် ဝန်တို့သည် ပြည်ရေးရွာမှုမှစ၍ ခပ်သိမ်းသောစီရင်ခင်း စီရင်ဘွယ်အလုံးစုံကို မလစ်မဟင်းရအောင် ရှေ့နောက် မြှော်ထောက်၍ ခန့်ထားစီရင်ရန် အလွန်ကျယ်လှလေသည်။ သို့ကျယ်ဝန်းလျှင်လည်း ရံဖန်ရံခါ မေ့ကျန်သည့်အရာ မေ့ကျန်လေတန်ရာသည်။ ဝန်တို့စီရင်ခန့်ထားသည့် အရာများတွင် မေ့ကျန်သည့်အရာရှိလျှင် သတိရှိသည့်အတိုင်း • • • အသုံးစုံ စီရင်ဘွယ်ဗီရင်ခင်းရှိသမျှကို ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ်ကို ကျွမ်းသိ နားလည် သည်နှင့်အညီ မပြက်မလပ် လှူ့ဆော်စီရင်ရမည်။[3]။

ဟူ၍ပါရှိလေသည်။ ယေဘူယျအားဖြင့်ဝန်ထောက်သည်ယခုခေတ်အတွင်း ဝန်ကလေးများနှင့် အလားတူမည်ဟုယူသော် ရကောင်းရာ၏။ အတွင်းဝန်များသည် ရွှေနန်းတော်ကြီး၏ အတွင်းရေးရာများနှင့် တိုက်ရိုက်သက်ဆိုင်လေသည်။ အတွင်းဝန်တို့၏ဝတ္တရားမှာ၊ အတွင်းတော်စီရင်ခင်းစီရင်ဘွယ်မှစ၍ ပြည်ရေးရွာမှုအလုံးစုံကို ကုန်တွင်ပြေလည်အောင် လျှောက်ထားပြန်ဆို စီရင်ရခြင်းဖြစ် သည်။ အတွင်းဝန်များမှာအမြဲပင် ဗြဲတိုက်တွင်နေထိုင်လျက် ဘုရင့်အပါးမြဲစွာခစားရသည်။နေ့အခါတွင်အခြားသောမှူးကြီးမတ်ရာသေနာပတိများနှင့်အတူ အမှုထမ်းရသည့်အပေါ်တွင် ထပ်လောင်း၍ ညတွင်ဝယာအလှည့်ခွဲလျက် အတွင်းဝန်နှစ်ပါးစီ ရွှေနန်းတော်တွင်းဌအိပ်ဖန်အိပ်ရသည်။ အတွင်းဝန်များသည် ဘုရင်မင်းမြတ်နှင့်လွှတ်တော်တို့အကြား ပေါင်းကူးတန်တားသဘွယ်ဖြစ်၏၊ ဘုရင်မင်းမြတ်၏ အမိန့်တော်များ၊ မှာတမ်းများကို ဘုရင့်ရှေ့တော်သို့အမြန်ပို့ရန်၊ သို့မဟုတ် လွှတ်တော်သို့အမြန်ထုတ်ရန် အရေးကြီးလှင်ကြီးသည့်အလျောက် အတွင်းဝန်များက စီမံဆင့်ဆိုရ၏။ ရှင်ဘုရင်က ထုတ်သောအမိန့်တော်များမှာလည်း။ အမိန့်တော် မှာတမ်းထုတ်သင့်သည်များကို ခွဲခြားပေးတန်ရ၏။ တခါတရံ လွှတ်တော်ကသွင်းသောစာများကို ဘုရင့်ထံ ရုတ်တရက်မသွင်းဘဲ၊လွှတ်တော်ဝန်ကြီးများထံပြန်သည့်အစီရင်ခံရန်ပြန်ပို့ခြင်း၊ ဆိုင်းထားခြင်းတို့ကို ပြုနိုင်လေသည်။[4]။ ဝန်ကြီးနှင့် ဝန်ထောက် များကဲ့သို့ပင် အတွင်းဝန်များသည် ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ်အကြောင်းသုံးပါးကို ကျွမ်းသိနားလည်သူများ ဖြစ်ကြပါသည်။ အတွင်းဝန်များနှင့် လွှတ်တော် အရာရှိဖြစ်ကြသည့် ဝန်ကြီး၊ ဝန်ထောက်တို့၏ ရာထူးများမှာ အကြီးအငယ်အားဖြင့် အဆင့်အတန်းပြတ်ပြတ်သားသားကွဲပြားခြင်းမရှိဟူ၍ ဆာဂျော့စကော့က ဖေါ်ပြလေသည်။[5]။ သို့သော် အရာရှိကြီးများနှင့်၎င်းတို့အသီးသီးခံစားရရှိသည့် လစာငွေစာရင်းကို လေ့လာသောအခါ၌ ဝန်ကြီးများသည် အတွင်းဝန်များထက် ရာထူးအဆင့်အတန်းကြီးမြင့်ကြောင်း အတိအကျသိရပါသည်။[6]။များစွာသောအတွင်းဝန်တို့သည် ဘုရင်မင်းမြတ်နှင့်၎င်း၊ အခြားသောမှူးကြီးမတ်ရာများနှင့်၎င်း အညီအညွတ်ဖြစ်၍ ကာလအတန်ကြာ ပြည်ရေးရွာမှုကို ဆည်းပူးလေ့ကျက်ပြီး

၁။ ဝန်ကြီးခန့်ပြန်တမ်းမှထုတ်နှုတ်ချက်။ **အုပ်ချုပ်ပုံ** တ-၁၀၀

၂။ **အုပ်ချုပ်ပုံ** တ-၁၉၃-၄

၃။ ဝန်ထောက်ခန့်ပြန်တမ်းမှထုတ်နှုတ်ချက်။ **အုပ်ချုပ်ပုံ** တ-၁၀၀

၄။ **အုပ်ချုပ်ပုံ** စ-၂၂

၅။ *GUBSS*, Part II, Vol. I, p.475

၆။ *GUBSS*, Part I, Vol. II, p. 483

မှ ဝန်ကြီးရာထူးသို့ တိုးမြှင့်ခြီးမြှောက်ခြင်းခံကြရပေသည်။ ထို့ပြင် အတွင်းဝန်တို့ အသနားတော်မြတ်ခံရသည့် အစီးအနင်း အဆောင်အရွက်တို့မှာ ဝန်ကြီးတို့ထက် အနည်းငယ်နိမ့်ကျပေသည်။ သို့သော် ဝန်ကြီးများနှင့် အတွင်းဝန်များသည် အရေးပါအရာရောက်သူချည်းပင်ဖြစ်၏။ အတွင်းဝန်များက ရာထူးအားဖြင့်နိမ့်သော်လည်း ဘုရင်မင်းမြတ်နှင့် ပို မို၍နီးစပ်စွာ ခစားထမ်းရွက်ရသည်။ ထို့ကြောင့် တခါတရံ ဘုရင်မင်းမြတ်က များစွာလိုလားမြှောက်စားသော အတွင်းဝန်မင်းကို ဝန်ကြီးများကများစွာလေးစားကြရပေသည်။ အတွင်းဝန်ရာထူးသည် လွှတ်တော်ဝန်ထောက်ရာထူးထက် နိမ့်ကျသလော၊ မြင့်သလောဟု ဝိဝါဒ ကွဲပြားလျက်ရှိသည်ဆို၏။[၁]။ အတိအကျပြောရလျှင် အတွင်းဝန်ရာထူးသည် ဝန်းကြီးနှင့် ဝန်ထောက်တို့ကြားဖြစ်ပေသည်။ အတွင်းဝန်သည် ဝန်ကြီးထက် လစာလျော့နိမ့်၍ ဝန်ထောက်ထက် အနည်းငယ်ပိုမိုရရှိလေသည်။

မြင်းစုကြီးဝန်နှင့် အသည်ဝန်တို့သည် ပြန်တမ်းကြီးခံလွှတ်တော် အရာရှိကြီးများဖြစ်ကြသော်လည်း အခြားမှူးကြီးမတ်ကြီးများကဲ့သို့ အရေးမပါကြချေ။ အစီအစဉ်ရေးနည်းမှာ ဝန်ကြီး၊ မြင်းစုကြီးဝန်၊ အသည်ဝန်၊ ဝန်ထောက်ဟူ၍ ရေးမြဲဖြစ်သည်။[၂]။ သို့သော် မြင်းစုကြီးဝန်နှင့် အသည်ဝန်တို့သည ဝန်ထောက်များထက် အခြေအနေနိမ့်ကျ၏။ မြင်းစုကြီးဝန်သည် သွေးသောက်စု၊ မြင်းစုအမှုထမ်းတို့ကို တစုနှင့်တစု ရောထွေးပေါင်းယှက် မရှိစေရန်နှင့် စားမြေစားတာ အစုအကွက် ချထားပေးကမ်းထားသည်တို့ကို စီမံကွပ်ကဲရသည်။ သွေးသောက်စုမြင်းသည်တော်တို့ အမှုတော်ကို ကုန်တွင်ထမ်းနိုင်အောင် မစ ကြီးကြပ်ရသည်။ သွေးသောက်စု မြင်းသည်တော်တို့ တရားစကား အရှက်အတင်ရှိလျှင်လည်း ကြီးသည်စကားငယ်အောင် ငယ်သည့်စကားကိုပပျောက်အောင် ဂတိမလိုက် ညီညွတ်စွာစီရင်ရသည်။ ဘုရင်နှင့်ဆွေမျိုးရင်းချာတော်စပ်သူ၊ ရှင်ဘုရင်က အလွန်သဒ္ဓါယုံမှတ်သောသူဖြစ်သော်လည်း ဝန်ကြီးခန့်ရန်ထိုက်တန်သောအရည်အချင်းကင်းမဲ့သောသူတို့ကို မြင်းစုကြီးဝန်ခန့်လေ့ရှိသည်။[၃]။ ဤရာထူးမှာ စင်စစ်တာဝန်ပေါ့ပေါ့နှင့်အကျိုးများစွာခံစားရသော ရာထူးဖြစ်သည်။ အသည်ဝန်မှာ အမှုထမ်းဟောင်သောသူတို့ကို အုပ်ချုပ်ရသောအရာရှိဖြစ်၏။ မြို့ရွာအနှံ့အပြားရှိ အသည်၊ အလာ၊ ဝင်နေကပွဲါးများကို အသည်ဝန်က အုပ်ချုပ်ကြီးကြပ်ရသည်။ ၎င်းတို့လုပ်စားဆောင်စားဖြစ်စေရန် မ စကြည့်ရှုရသေသည်။ အသည်ဝန်စုသည် ကျယ်ဝန်းများပြား၍ ရံဖန်ရံခါ အသည်ဝန်ကို ဝန်ကြီးဝန်ထောက်အရာနှင့် တွဲဘက်ခန့်ထားလေ့ရှိသည်။ ထိုအခါမျိုး၌ အသည်ဝန်ကြီး သို့မဟုတ် အသည်ဝန်ထောက်သည် ဝန်ကြီး၊ ဝန်ထောက် အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့်ရရှိသည်။ သာမန်အားဖြင့်ကား အသည်ဝန်သည် မြင်စုကြီးဝန်နှင့် အတူတူပင်ဖြစ်သည်။

ဤမှူးကြီးခတ်ရာသေနာပတိများသည် မိမိတို့၏ရာထူးဌာနန္တရအလိုက် အစီးအနင်း အဆောင်အရွက် သနားတော်မြတ် ခံကြရလေသည်။ အစီးအနင်း အဆောင်အရွက်နှင့် ပတ်သက်သည့် အကြောင်းအရာများမှာ စာတစောင် ပေတဖွဲ့ ပြုလုပ်လောက်အောင် ကျယ်ဝန်းများပြားသဖြင့် ယခုတင်ပြခြင်းမပြုဘဲ ချင်းချန်ထားခဲ့ပါသည်။ ဝန်ကြီး၊ ဝန်ထောက်နှင့် အတွင်းဝန်များသွားလာသည့်အခါ ရွှေလိုက်[၄]။ ခေါ်သော အမှုထမ်းနှစ်ယောက်သည် အရာရှိများရှေ့ ၄၅ ပေကွာလောက်က၊ ဝဲယာကြိမ်ကိုထောင်လျက် ကိုင်ဆောင်လိုက်ပါရသည်။ ယင်းရွှေလိုက်ကိုကြည့်၍ အရာရှိကို ဝန်ကြီး၊ ဝန်ထောက် သို့မဟုတ် အတွင်းဝန်ဟူ၍ ခွဲခြားသိနိုင်သည်။ ဝန်ကြီး၊ ဝန်ထောက်တို့၏ရွှေလိုက်မှာ မောက်တိုကိုတည့်တည့်ဆောင်းရသည်။ ငွေစောင်း၍မဆောင်းရ။ အင်္ကျီဖြူထိုင်မသိမ်း၊ ပုဆိုးခါးတောင်ကျိုက်နှင့်ဖြစ်သည်။ ဝန်ကြီးသည် ဆင်၊ မြင်းလှည်းများစီး၍သွားသောအခါ ရွှေလိုက်များလွန်စွာပင်ပန်းကြရကား လူလဲနှင့် အဆင့်ဆင့်လိုက်ရန် စီမံထားရ

၁။ *GUBSS* Part I, Vol. II, p.475

၂။ **အုပ်ချုပ်ပုံ** ၈ - ၂

၃။ **အုပ်ချုပ်ပုံ** ၈ - ၂

၄။ ရွှေလိုက်နှင့်သွားလာခွင့်ရသော အရာရှိများမှာ-

(က) ရာဇဌာနီဘွင် ရာဇဝတ်ရုံးမှ မြို့ဝန်များ၊ တရားရေးရုံးမှ တရားသူကြီးများ၊ အနောက်ရုံးမှ အနောက်ဝန်များ။

(ခ) အဒဝးမှာလည်း အုပ်ချုပ်ရသောနယ်တွင် အဝေးဝန်များသွားလာသည့်အခါ၊ ထားလွယ်ကြီးကိုင် အင်္ကျီနက်ဝတ်သူလူနှစ်ယောက်စီ ရွှေလိုက်ခေါ်ခွင့်ရ၏။ **အုပ်ချုပ်ပုံ** ထ - ၁၀၆

သည်။ [၁]။ အတွင်းဝန်၏ရှေ့လိုက်များမှာ တမျိုးဝတ်ဆင်ရ၏။ မောက်တိုအစားခေါင်းပေါင်းဖြူဖေါ့လုံး ပေါင်းရသည်။ အင်္ကျီဖြူဆိုင်ခသိမ်းဝတ်ရသည်။ [၂]။သို့ရာတွင် နန်းတော်အတွင်းနှင့်ကျောင်းဘုရားအတွင်းများမှာ သွားလာသည့်အခါ ယင်းကဲ့သို့ရှေ့လိုက်များနှင့်ခင်းကျင်းစီစဥ်၍ မသွားရချေ။[၃]။ မြင်းစုကြီးဝန်နှင့် အသည်ဝန်တို့သည် ဝန်ထောက်များ ထက်နေရာ၊ ရာထူးကြီးသော်လည်းရှေ့လိုက်ခေါ်ဆောင်ခွင့်မရချေ။[၄]။

မှူးကြီးမတ်ရာများနှင့်ပတ်သက်သည့် အခြေခံကို ဤသို့ အကြမ်းမျှတင်ပြပြီးနောက် မင်းတုန်းမင်း၏ မှူးကြီး မတ်ရာများအကြောင်းကို အနည်းငယ်ပိုမိုပြည့်စုံစွာ လေ့လာကြပါစို့။ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း လွှတ်တော်တွင် ပါဝင်မြဲဖြစ်သည့်အရာရှိကြီးများမှာ ဝန်ကြီးလေးပါး၊ဝန်ထောက်လေးပါးတို့ဖြစ်သည်။ *Gazetteer of Upper Burma and the Shan States* တွင် မင်းတုန်းမင်းကြီးမှာ ဝန်ကြီးရှစ်ပါး။ [၅]။ ဝန်ထောက်ခြောက်ပါး။ [၆]။ နှင့် အတွင်းဝန်မင်း ငါးပါး။ [၇]။ တို့ ခစားထမ်းရွက်ကြသည်ဟု ဖေါ်ပြ၏။ ဤအထောက်အထားအရ မင်းတုန်းမင်း၏ ဝန်ကြီးရှစ်ပါးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ [၈]

၁။ မကွေးမြို့စားဝန်ကြီး
၂။ မြတောင်မြို့စားဝန်ကြီး
၃။ သလုံးမြို့စားဝန်ကြီး
၄။ ပုခန်းမြို့စားဝန်ကြီး-သတိုးမင်းကြီးမဟာမင်းလှစည်သူ
၅။ လောင်းရှည်မြို့စားဝန်ကြီး-သတိုးမင်းကြီးမဟာစည်သူ
၆။ ရေနံချောင်းမြို့စားဝန်ကြီး-သတိုးမင်းကြီးမဟာမင်းကျော်မင်းခေါင်
၇။ ခန်းပတ်မြို့စားဝန်ကြီး-သတိုးမင်းကြီးသီရိမဟာမင်းခေါင် ဥဇနာ
၈။ လယ်ကိုင်းမြို့စားဝန်ကြီး-သတိုးမင်းကြီးမဟာစည်သူ

သို့ရာတွင် ဂျေ၊တယ်ဘိုင်ဝိုးလား၏ Memorandum of the Political Status of Ava[၉] တွင် ဝန်ကြီး လေးပါးဟု ဖေါ်ပြ၍ မင်းတုန်းမင်း၏လွှတ်တော်အကြောင်းကို ဤကဲ့သို့ရေးသားထားပါသည်။

လွှတ်တော်တွင်ဝန်ကြီးလေးပါးရှိ၏။ ၎င်းတို့မှာ

၁။ ပုခန်းဝန်ကြီး-နန်းရင်းဝန်လည်းဖြစ်၊ ရာဇဌာနီအတွင်း ကိုယ်ရံတော်မှစ၍ သင်း သေနတ် အမှုထမ်းများကို ကြီးမှူးရသူလည်း ဖြစ်၏။

၂။ လောင်းရှည်ဝန်ကြီး-လှေသင်းဝန်ဖြစ်၏။

၁။ **အုပ်ချုပ်ပုံ** တ-၁၀၂-၃
၂။ **အုပ်ချုပ်ပုံ** စ-၁၇
၃။ **အုပ်ချုပ်ပုံ** တ-၁၀၅။၈၁၇
၄။ **အုပ်ချုပ်ပုံ** တ-၁၀၅-၆
၅။ *GUBSS* Part I, Vol. II, 474
၆။ *GUBSS* Part I, Vol. II, 479; 480–1
၇။ *GUBSS* Part I, Vol. II, 480–1
၈။ *GUBSS* Part I, Vol. II, 478
၉။ *India Foreign and Political Proceedings, No. 272 July 1871*

၃။ ရေနံချောင်းဝန်ကြီး-နိုင်ငံတော်အတွင်း မြို့ရွာအသီးသီးရှိ သင်း သေနတ် အမှုထမ်းတို့ကို ကွပ်ကဲရသည့် ဗိုလ်မှူးဝန်ကြီးလည်းဖြစ်၏။

၄။ ခန်းပတ်ဝန်ကြီး-လမ်းပန်းအဆောက်အဦနှင့် စက်ရုံအသီးသီးတို့ကို ကြီးမှူးရသူဖြစ်သည်။

မေဂျာအေပီဖဲရာနှင့်အတူ ၁၈၅၅-ခုနှစ်က ရတနာပူရ အင်းဝမြို့နန်းတော်သို့ ဝင်ရောက် ခစားသည့် ကပ္ပိတန်ဟင်နရီယူလ် ကသည်း လွှတ်တော်ဝန်ကြီးစာရင်း[၁] ကို အောက်ပါအတိုင်းဖော်ပြပါသည်။

ပထမ။ မောင်ကြာညှ - မကွေးမင်းကြီး။

ဒုတိယ။ မောင်မို - သေနတ်၊ အမြောက် စသည်တို့ကို ကြီးကြပ်သွန်းလုပ်ရသဖြင့် ပန်းဘဲဝန်ဟု ခေါ်တွင်၏။ သူ၏ စားကျေးမြေကောင်မြို့နယ်မှာ ရောဝတီမြစ်ညာ ဗန်းမော်မြို့ အနီးတွင် တည်ရှိလေသည်။

တတိယ။ မောင်စိုး - မိန်းလောင်[၂] ဝန်ကြီး

စတုတ္ထ။ မောင်ရန်ဝေး - ပုခန်းဝန်ကြီး။

ဤမှုကွဲသုံးခုတွင် ဝန်ကြီးရှစ်ဦးဟုဖော်ပြသည့် ပထမမှုမှာ ဆာဂျေဂျီစကော့၏မှုဖြစ်သည်။ ခေတ်ကို မမှီလိုက်သော်လည်း ဆာဂျေ့စကော့သည် ၁၉၀၀-ခုနှစ်အတွင်း *Gazetteer of Upper Burma and the Shan States* ကိုပြုစုစဉ်က မြန်မာ အထောက်အထားများနှင့်နန်း တွင်းသူ နန်းတွင်းသားအချို့ကို ဆည်းပူးညှိနှိုင်းခွင့် ရခဲ့လေသည်။ ရတနာပူရ အင်းဝရွှေနန်းတော်သို့ ကပ္ပိတန်ဟင်နရီယူလ် အဖွဲ့အမြှော် ဝင်ရောက်သည်မှာ မင်းတုန်းဘုရင်မင်းမြတ် နန်းစံလေးနှစ် မြောက်ဖြစ်သော ၁၈၅၅-ခုနှစ်အတွင်းဖြစ်ပါသည်။ ထိုစဉ်က မင်းတုန်းမင်း၏လွှတ်တော်တွင် ဝန်ကြီးလေးပါးရှိသည်ဟု ယူလ်-ကဖော်ပြ၏။[၃]။ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး** တွင်လည်း သကရစ် ၁၂၁၆-ခု ကဆုန်လ အတွင်း (အေဒီ ၁၈၅၄) ဝန်ကြီးသတိုး မင်းကြီးမဟာမင်းလှသီဟသူ၊ သတိုးမင်းကြီ မဟာမင်းလှကျော်သူ၊ မင်းကြီးမဟာရာဇ သကြံနှင့် မင်းကြီးမဟာမင်းလှစည်သူတို့ကို ဖေါင်း၊ ဝတ်လုံမှစ၍ ရှေးအဂ္ဂမဟာသေနာပတိဝန်ကြီးတို့နည်း အစီအနင်း အခဆောင်အရွက်ပေးသနားတော်မူသည်ဟု ရေးသားထားပါသည်။[၄]။ ဂျေတေလ်ဘိုင်ဝိုးလား၊[၅] မန္တလေးရွှေနန်းတော်သို့ အဖွဲ့အမြှော်ဝင်ရောက်သည်မှာ မင်းတုန်းမင်းတရားကြီး နန်းသက်ကုန်ဆုံးလုနီး ၁၈၇၀-ခုနှစ်ကဖြစ်လေသည်။ ထိုစဉ်က မင်းတုန်းမင်းကြီး၏လွှတ်တော်တွင် ဝန်ကြီးရှစ်ပါး ခစားထမ်းရွက်နေပါက တယ်ဘိုင်းဝိုးလားက လေးပါးသာ ဖော်ပြသည်မှာ စဉ်းစားစရာပင်ဖြစ်ပါသည်။ တနည်းအားဖြင့် တလ်ဘိုင်ဝိုးလားသည် ရတနာပုံ နေပြည်တော်၌ ခဏတာမျှနေ ထိုင်ခဲ့သည့်အတွင်း အရေးပါအရာရောက်သည့် ဝန်ကြီးလေးပါးနှင့်သာ တွေ့ဆုံခဲ့ရသည်ဟု ယူမှတ်နိုင်ပါသည်။ သို့တည်း မဟုတ် မင်းတုန်းမင်းလက်ထက်လွှတ်တော်တွင် တချိန်တခါတည်း၌ ဝန်ကြီး လေးပါထက်ပို၍ တခါမျှ မရှိခဲ့သည်လည်း ဖြစ်နိုင်ပါသည်။ ကပ္ပိတန်ယူလ် ဖော်ပြသည့် ဝန်ကြီးလေးပါးအနက် မိုင်းလုံဝန်ကြီးမှာ သကရစ် ၁၂၂၁-ခု တပို့တွဲလ

၁။ *Mission to the Court of Ava 1855*, p. 245

၂။ မိုင်းလုံဝန်ကြီးဖြစ်မည်။ သကရစ် ၁၂၁၆-ခုနှစ် ကဆုန်လဆန်း ၂-ရက်နေ့ (အေဒီ ၁၈၅၄) ဝန်ကြီး မင်းကြီး မဟာရာဇသကြံ (ဇစိုး) အား မိုးညှင်းမြို့နှင့်လဲလှယ်၍ မိုင်းလုံမြို့ကို မြို့စားပေး၏။
ဦးတင်။ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး** (၁၇၅၃-၈၅)
မန္တလေးမြို့၊ တိုင်းသတင်းစာပုံနှိပ်တိုက်၊ ၁၉၀၅။ စာမျက်နှာ ၁၃၆၁

၃။ *Mission to the Court of Ava 1855*, p. 234

၄။ **ကုန်းဘောင်ဆက်** (၁၉၀၅) ၁၃၆၀-၉

၅။ ဂျေတေလ်ဘိုင်ဝိုးလားမှာ ဗြိတိသျှမြန်မာနိုင်ငံတော်မဟာဝန်ရှင်တော်မင်းကြီး၏ အတွင်းဝန်ဖြစ်သည်။ ၁၈၇၀-ခု၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများအတွင်း မန္တလေးနှင့် ဗန်းမော်မြို့ရောက် ရောဝတီမြစ်သို့ဆန်တက်ခဲ့သည်။ ၁၈၇၀-ခု နိုဝင်ဘာလ ၂၃-ရက နှင့် ဒီဇင်ဘာလ ၁၂-ရက်နေ့များတွင် မင်းတုန်းမင်းတရားကြီးအား ဝင်ရောက်ဖူးမြှော်ခဲ့ရသည်။

(၁၈၅၉) အတွင်း ကွယ်လွန်ရှာ[၁] မြောင်မြို့စားဝန်ကြီးမှာ ၁၂၂၈ (၁၈၆၆) ခု- မြင်ကွန်းမြင်းခုန်တိုင် အရေးတော်ပုန်အတွင်း ကျဆုံးခဲ့လေသည်။[၂] ဆာဂျော့စကော့၏ စာရင်းပါ-လောင်းရှည်မြို့စားဝန်ကြီး၊ ရေနံချောင်းမြို့စားဝန်ကြီးနှင့် ခန်းပတ်မြို့စားဝန်ကြီးတို့မှာ နောက်မှရာထူးတိုးတက် ချီးမြှင့်ခံရသူများဖြစ်သည်။ အတွင်းဝန် လောင်းရှည်မြို့စား သတိုးမင်းကြီးမဟာစည်သူကို သကရစ် ၁၂၂၃ (၁၈၆၁) ကဆုန်လအတွင်း အဂ္ဂမဟာသေနာပတိဝန်ကြီး ခန့်တော်မူသည်။[၃] အတွင်းဝန်ရေနံချောင်းမြို့စား[၄] နှင့် ခန်းပတ်မြို့စား[၅] တို့ကို သကရစ် ၁၂၂၈ (၁၈၆၆) နှင့် ၁၂၃၁ (၁၈၆၉) ခုလောက်မှ ဝန်ကြီးဟူသောဘွဲ့နှင့် အသီးသီးတွေ့ရပါသည်။ လယ်ကိုင်းမြို့စား[၆]မှာ မန္တလေးနန်းတော်သို့ တလ်ဘိုင်ဝိုးလား ရောက်ရှိပြီး ကာလအတန်ကြာမှ ဝန်ကြီးရာထူးတိုးမြှင့်ထားခြင်းခံရပေသည်။ ယင်းသို့ဖြစ်၍ ရှိရင်းဝန်ကြီးမင်းများ ကွယ်လွန်သော အခါတွင်၎င်း၊ ရာထူးမှနုတ်သိမ်းပယ်ဖျက်ခြင်းခံရသောအခါများတွင်၎င်း၊ ဝန်ကြီးသစ်များ ခန့်ထားသည်မှာ ထင်ရှားပါသည်။ ထို့ပြင် **မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း** ၌ အချို့မင်းများလက်ထက်ဝန်ကြီးများပိုမိုခန့်ထားသည်[၇]ဟု ရေးသားထားသော်လည်း မင်းတုန်းမင်းကိုသာခကာင်ပြခြင်းမပြုချေ။ ထို့ကြောင့် ဆာဂျော့ဂျ်စကော့က ဝန်ကြီးရှစ်ပါးဟု ဖေါ်ပြသော်လည်း မင်းတုန်းမင်း၏လက်ထက်တော်တွင် ဝန်ကြီးလေးပါးထက် ပိုမိုခန့်ထားခြင်း မရှိခဲ့ချေ။ ၎င်း၏နန်းသက် ၂၆-နှစ်အတွင်း ဝန်ကြီးအဖြစ် ခစား ထမ်းရွက်ခဲ့ရသူပေါင်း ရှစ်ဦးရှိသည်ဟူ၍သာ မှတ်ရပါမည်။

မင်းတုန်းမင်းလက်ထက်၊ ဝန်ထောက်ခြောက်ပါးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။[၈]

၁။ ပုပ္ပါးဝန်ထောက် မင်းကြီးမဟာမင်းလှမင်းကျော်
၂။ ကင်းစဉ်ဝန်ထောက် မင်းကြီးမင်းခေါင် မဟာမင်းကျော်သူရိန်
၃။ ရန်အောင်မြင်ဝန်ထောက်- မင်းကြီးမဟာမင်းခေါင်ရာဇာ
၄။ မြို့သာဝန်ထောက် - မင်းကြီးမဟာမင်းတင်စည်သူ
၅။ မကွေးဝန်ထောက် - မင်းကြီးမင်းလှ မဟာမင်းခေါင်
၆။ မြောင်လှဝန်ထောက် - မင်းကြီးမဟာဇေယသူရ

အောက်ပါတို့မှာ မင်းတုန်းမင်းလက်ထက် အတွင်းဝန်များဖြစ်ကြပါသည်။[၉]

၁။ ရွှေပြည်အတွင်းဝန် - သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူ
၂။ ကန္နီအတွင်းဝန် - မင်းကြီးမဟာမင်းတင်သခ်ယာ
၃။ ယောအတွင်းဝန် - မင်းကြီးမင်းတင်မင်းခေါင်ကျော်
၄။ ရွှေတိုက်အတွင်းဝန် - မင်းကြီးမဟာမင်းတင်စည်သူ
၅။ အမြောက်အတွင်းဝန် - မင်းကြီးမဟာမင်းခေါင်ဇေယသူ။

မင်းကြီး မင်းလှမင်းတင်မှာ မြင်းစုကြီးဝန်ဖြစ်၍၊ မင်းကြီးမဟာသီဟသူရမှာ အသည်ဝန်ဖြစ်ပါသည်။[၁၀]

၁။ **ကုန်းဘောင်ဆက်**၊ (၁၉၀၅)၊ ၁၄၂၃
၂။ **ကုန်းဘောင်ဆက်**၊ (၁၉၀၅)၊ ၁၄၄၈
၃။ **ကုန်းဘောင်ဆက်**၊ (၁၉၂၃)၊ တ-၂၉၈
၄။ **ကုန်းဘောင်ဆက်**၊ (၁၉၂၃)၊ တ-၃၄၅
၅။ **ကုန်းဘောင်ဆက်**၊ (၁၉၂၃)၊ တ-၃၇၁
၆။ သကရစ် ၁၂၃၃ (၁၈၇၁) ခု၊ တပို့တွဲလ၊ ကင်းဝန်ထောက်မင်းကြီးမဟာစည်သူကိုအဂ္ဂမဟာသေနာပတိဝန်ကြီးခန့်တော်မူသည်။ **ကုန်းဘောင်ဆက်**၊ (၁၉၂၃)၊ တ-၃၈၃
၇။ **အုပ်ချုပ်ပုံ** တ - ၁၈၇၊ စ - ၁၈
၈။ *GUBSS* Part I, Vol. II, 499
၉။ *GUBSS* Part I, Vol. II, 480-1
၁၀။ *GUBSS* Part I, Vol. II, 470

ဤသည်တို့ကား မင်းတုန်းမင်းကြီး၏ မှူးကြီးမတ်ရာမျာ- ဖြစ်ကြပါသည်။ တလ်ဘိုင်းဝိုးလား၏အဆိုအားဖြင့်[၁] သူတို့သည် ရိုညွတ်နာခံနူတ်သံပျော့ပျောင်းလှကျ် တွေးခေါ်မျှော်မှန်းချက်အလုံးကို ဘုရင်မင်းမြတ်တဦးတည်း အပေါ်တွင် စုပုံအားထား ကိုးစားလျက်ရှိသူများပင်ဖြစ်သည်။ မှူးကြီးမတ်ကြီးရာထူးမှာ ရိုးရာမဟုတ်ချေ။ စားကျေးနယ်မြေ ချီးမြှင့်ပေးသနားခြင်းခံရသည့် မင်းခစားကြီးများပင်ဖြစ်သည်။ ရှေးအစဉ်အလာအရ ယင်းတို့၏စားကျေးနယ်မြေမှာ နေ့စဉ်စားသုံးနေထိုင်ရေးအတွက် ရိက္ခာဖြစ်၏။ မင်းတုန်းမင်းသည် ဤအစဉ်အလာကိုဖျက်သိမ်း၍ လစာငွေတော် ပေးသောစံနစ်ကို သကရာဇ် ၁၂၂၃ (၁၈၆၁)ခုနှစ်တွင် တည်ထွင်လေသည်။[၂] စံနစ်သစ်အရ ဝန်ကြီးတပါး၏ လစာမှာ တလလျှင် ငွေကျပ်ဒင်္ဂါးတထောင်ဖြစ်၏။ ဝန်ထောက်မှာ တလလျှင်ငါးရာ၊ အတွင်းဝန်မှာ ခြောက်ရာ ခြောက်ဆယ် အသီးသီးရရှိကြပါသည်။[၃] မြင်းစုကြီးဝန်နှင့် အသည်ဝန်တို့သည် ဝန်ထောက်ထက်ရာထူးကြီးသော်လည်း လစာပို၍မရကြချေ။ ဝန်ထောက်နည်းတူ တလလျှင်ငါးရာကျပ်သာ ရရှိကြလေသည်။[၄] အထက်တွင်ဖော်ပြခဲ့သည်အတိုင်း ဤမှူးကြီးမတ်ရာများကား ပြန်တမ်းကြီးခံ အရာရှိခ ည်းဖြစ်ကြသော်လည်း ၎င်းတို့ရရှိသော လစာနှုန်းထားမှာ တမျိုးတည်းမဟုတ်ချေ။ ယင်းသို့လစာငွေတော်ပေးသောစံနစ်သို့ ပြောင်းလိုက်ခြင်းဖြင့် ဘုရင်မင်းမြတ်တွင် အခွန်ဘဏ္ဍာတော် ပိုမိုရရှိစေသည်။ မှူးကြီးမတ်ကြီ များ၏ တန်ခိုးသြဇာမှေးမှိန်စေသည်။ ထို့ကြောင့် အချို့ကရှေးအစဉ်အလာအတိုင်း ရွာစားမြို့စားကိုအလိုရှိကြသည်။[၅] စံနစ်သစ်ကို မနှစ်သက်ကြချေ။ စားကျေးနယ်မြေရရှိခြင်းက လစာငွေတော်အတိအကျရသည်ထက်ဝင်ငွေကောင်းသည်။[၆] သို့သော်လည်း ဘုရင်မင်းမြတ်သည် မှူးမတ်တို့၏ မကျေနပ်ငြိုငြင်မှုကို ပမာမထားသဘောတော်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့လေသည်။[၇]

ဤမှူးကြီးမတ်ကြီးများကား ယခင်အနှစ်တရာ ခတွင်းက အသက်ထင်ရှားရှိသူများဖြစ်သော်လည်း ယခုမည်သူမျှ ကောင်းစွာမသိတော့ချေ။ မြန်မာမှတ်တမ်းမှတ်စုအများပင် ပျက်စီးပျောက်ကွယ်ကုန်ပြီဖြစ်၍ ရှားပါးလှပါသည်။ ထို့ကြောင့် မန္တလေးနန်းတော်သို့ အခစားရောက်သည့် နိုင်ငံခြားသားတို့၏ မှတ်တမ်းမှတ်စုများမှရတတ်သရွေ့ စစ်ထုတ်လျက် ဤအရာရှိကြီးများ၏ အတ္ထုပ္ပတ္တိကို တဦးစီတင်ပြပါမည်။

မိုင်းလုံးမြို့စားကြီး-ယော်မည် စိုးဖြစ်သည်။ သာယာဝတီမင်းလက်ထက် အတွင်းဝန်အဖြစ် ခစားထမ်းရွက်ခဲ့၏။ မင်းတုန်းမင်းသားသည် နောင်တော်ပုဂံမင်း(၁၈၄၆-၅၂)ကို တော်လှန်ပုန်ကန်သောအခါ၌ နောက်လိုက်နောက်ပါများနှင့်အတူ သီလုံးမြို့မှဝင်ရောက်အမှုတော်ထမ်းလေသည်။[၈] သို့နှင့်မင်းတုန်းမင်း အထွတ်အမြတ်သို့ရောက်တော်မူသောအခါ စိုးအား မင်းကြီးမဟာရာဇသင်္ကြံဘွဲ့နှင့် အဂ္ဂမဟာသေနာပတိ ဝန်ကြီးခန့်တော်မူသည်။[၉] သီလုံးမြို့စားဝန်ကြီးဟူ၍လည်းခေါ်တွင်သည်။ သကရာဇ် ၁၂၁၆ (၁၈၅၄) ခု၊ ကဆုန်လဆန်း ၂-ရက်နေ့ မိုင်းလုံးမြို့ကို မြို့စားပေးတော်မူ၏။[၁၀]

၁။ "Memorandum of the Political of Ava", *India Foreign and Political Proceedings*, No. 272, July 1871

၂။ **ကုန်းဘောင်ဆက်** (၁၉၀၅) ၁၄၂၆ - ၇

၃။ *GUBSS* Part I, Vol. II, 483

၄။ *Ibid*

၅။ **အုပ်ချုပ်ပုံ**၊ ဓ - ၂၀၂

၆။ ပုသိမ်နယ်တနယ်လုံးကို မြို့စားအသနားခံရသူသည် တနှစ်လျှင်မြန်မာချိန်ငွေပိဿာ တရာလောက်ရသည်။ဒင်္ဂါးပြားရေ ၁၄၁၂၅ ကျပ်ခန့်နှင့်ညီမျှသည်။ **အုပ်ချုပ်ပုံ**၊ တ - ၅၃
ဦးအောင်၊ **အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံးဖြစ်သော ကဝိသေတ္တုမဉ္ဇူသာကျမ်း**။ မန္တလေးမြို့ ၁၉၅၃၊ စာမျက်နှာ ၁၄၇-၉ ကိုလည်းရှု။

၇။ "Memorandum of the Political Status of Ava", *India Foreign and Political Proceedings*, No. 272, July 1871

၈။ *Mission to the Court of Ava* 1855, p 245

၉။ **ကုန်းဘောင်ဆက်**၊ (၁၉၀၅)၊ ၁၃၁၄

၁၀။ **ကုန်းဘောင်ဆက်**၊ (၁၉၀၅)၊ ၁၃၉၁

ယင်းသကရစ် နယုန်လအတွင်း သတိုးတပ်ဘွဲ့ကိုထပ်မံသနားတော်မြတ်ခံရသဖြင့် မိုင်းလုံးမြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာရာဇာသကြံဖြစ်လာလေသည်။[၁] သို့သော် မင်းတုန်းမင်းလက်ထက်၌ အမှုတော်ကို ကြာရှည်စွာ မထမ်းရွက်ခဲ့ရချေ။ သကရစ် ၁၂၂၁ (၁၈၅၉) ခု၊ တပို့တွဲလအတွင်းသေလွန်ရာ ထီးဖြူသံလျင်းနှင့် လှုပခမ်းနားစွာ သင်္ဂြိုဟ်တော်မူ၏။[၂]

မြတောင်မြို့စားဝန်ကြီး-ယဲမည် မောင်မှိုဖြစ်သည်။ သာယာဝတီမင်းနှင့် ပုဂံမင်းတို့လက်ထက် အတွင်းဝန်ရာထူး ချီးမြှောက်ခန့်ထားခြင်းခံရသည်။ သေနတ်၊ အမြောက်လက်နက်များ၊ ခေါင်းလောင်း၊ ဘုရားထီး စသည်တို့သွန်းလုပ်ခြင်း ကို ကြီးကြပ်ရသဖြင့် ပန်းဘဲအတွင်းဝန်ဟု ထင်ရှားသည်။ မင်းတုန်းမင်းတရားကြီးလက်ထက် အဂ္ဂမဟာသေနာပတိ ဝန်ကြီး[၃] ခန့်ထား၍ သကရစ် ၁၂၁၆ (၁၈၅၄) ခုတွင် သတိုးမင်းကြီးမဟာမင်းလှကျော်သူ[၄] ပေးသနားတော်မူသည်။ နောက်တနှစ်တွင် အဘွင်းကိုယ်ရံတော် ခြောက်ကြောင်းအစုမှစ၍ သေနတ်အစုများကိုအုပ်ထိန်း ဆင့်ဆိုရန်သေနတ် ဝန်ကြီး[၅] ခန့်ထားချီးမြှင့်ခြင်းခံရသဖြင့် မြတောင်မြို့စား သေနတ်ဝန်ကြီး သတိုးမင်းကြီး မဟာ မင်းလှကျော်သူဟု ထင်ရှားလေသည်။ မြတောင်မြို့စားဝန်ကြီးသည် ပိသုကာကောင်း တယောက်လည်းဖြစ်၏။ ရတနာပုံနေပြည်တော်ကို ရွှေနန်းတော်၊ မြို့ရိုး၊ ကျုံးမြောင်းများနှင့်တကွ တည်ဆောက်ရာတွင် ကြီးကြပ်ရန်အရေးကုန် လွှဲအပ်ခြင်းခံရပေသည်။[၆] မန္တလေးတောင်ပေါ်တွင် မြတ်စွာဘုရားအရပ်တော် ပမာဏအတိုင်းအထွာနှင့်အတူ ရွှေမြို့တော်သို့ ရှေးရှုမျက်နှာရည် တော်မူလျက် မတ်ရပ်ဗျာဒိတ်ညွှန်းကိုယ်တော်တဆူကိုယခုဖူးမြင်ကြရပေသည်။ယင်းဗျာဒိတ်ညွှန်းကိုယ်တော်မှာ သကရစ် ၁၂၂၁ (၁၈၅၉) ခုနှစ်က မြတောင်မြို့စား သေနတ်ဝန်ကြီးသို့ လက်တတ်ပန်းပုအကျော်တို့ကို ပေးအပ်ပြီးကြီးကြပ် လုပ်ဆောင်စေသည့် ရုပ်ထုတော်ကြီးဖြစ်ပါသည်။[၇] ဤဝန်ကြီးမှာ သကရစ် ၁၂၂၀ (၁၈၆၆) ခုနှစ် မြင်ကွန်းမြင်းခုန် တိုင်အရေးတော်ပုံအတွင်း သူပုန်တို့လက်ချက်ဖြင့် ကျဆုံးသွားလေသည်။[၈] ဟင်နရီယူလ်နှင့် တွေ့စဉ်က မြတောင်မြို့စား ဝန်ကြီးမှာ အသက်ငါးဆဲ့သုံး - ငါးဆဲ့လေးနှစ်ခန့် ရှိပြီဟုဆို၏။ ဤဝန်ကြီးသည် အင်္ဂလိပ်လူမျိုးများကို မလိုလား၊ လွန် စွာမနုန်းတည်းသည်ဟု သတင်းကြီးကြောင်း၊ သို့ရာတွင် တကယ်တွေ့ဆုံသည့်အခါ၌ များစွာပျူငှာ ဖော်ရွေကြောင်းနှင့် ယူလ်ကဖော်ပြပါသည်။[၉] မြန်မာအတောက်အထားများက ဝန်ကြီးသည်စိတ်ခက်ထန်မြန်ဆန်သည်ကြောက်ရွံခြင်းမဲ့သည်။ မဟုတ်မခံသော သတ္တိရှိသည်ဟုဆို၏။ တခါက တောင်ဒဝယ်ဗိုလ်တဦးအား ဝန်ကြီးကိုယ်တိုင်ထောင်း၍ စီရင်လေသည်။ မင်းတရားကြီးက ညီလာခံ၌အကြောင်းကိုမေးတော်မူရာ ဤတောင်ဒဝယ်ဗိုလ်သည် မိမိဗိုလ်နေ၌မနေ။ ဘုရင့်ယောက်ဖ ဖြစ်သည်ဟုအားကိုးနှင့် ဝန်ကြီးတို့လုပ်ဆောင်ရေးရာတွင် ဝင်ရောက်စွက်ဖက် ဩဇာအာဏာပြလေသည်။ယင်းသို့ပြုမူခြင်း မှာ ဘုရင့်အရေးတော်ကို ယုတ်လျော့စေမည်ဖြစ်၍ ဘုရင်မင်းမြတ်နှင့် နိုင်ငံတော်၏ အကျိုးကို ထောက်မြော်လျက်၊ တသက်လုံးမှတ်စေရန် ကိုယ်တိုင်ထောင်း၍ စီရင်ဆုံးမလိုက်ကြောင်းနှင့် ရဲဝံ့စွာလျှောက်တင်ရာ ဘုရင်မင်းတရားကြီး ပြုံးတော်မူလေသည်။

မကွေးမြို့စားဝန်ကြီး - ယဲမည် မောင်ကြာဥဖြစ်သည်။ သာယာဝတီမင်း လက်ထက်အတွင်းဝန်အရာနှင့် ထမ်းရွက် ခဲ့၍ ပုဂံမင်းလက်ထက်တွင် ဝန်ကြီးရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည်။ ကျောက်မော်မြို့ကိုစားရ၏။ နောင်တော်ပုဂံ မင်းကိုနန်းချရာ၌ မင်းတုန်းမင်းသားအား မြို့တွင်းမှကူညီသဖြင့် အထွတ်အမြတ်သို့ ရောက်တော်မူသောအခါ သတိုး

၁။ **ကုန်းဘောင်ဆက်၊** (၁၉၀၅)၊ ၁၃၃၅

၂။ **ကုန်းဘောင်ဆက်၊** (၁၉၂၃)၊ ၁၊ ၂၀၂ - ၃

၃။ **ကုန်းဘောင်ဆက်၊** (၁၉၀၅)၊ ၁၃၃၅

၄။ **ကုန်းဘောင်ဆက်၊** (၁၉၂၃)၊ ၁ - ၂၀၁

၅။ **ကုန်းဘောင်ဆက်၊** (၁၉၂၃)၊ ၁ - ၂၂၆

၆။ **ကုန်းဘောင်ဆက်၊** (၁၉၂၃)၊ ၁ - ၂၄၅ - ၇။ ။မောင်ဝိ ဆရာသိန်း ~ မြန်မာ ဝန်ကြီးမှူးကြီးများအတ္ထုပ္ပတ္တိ။ ရန်ကုန်မြို့ မြန်မာဂုဏ်ရည်ပုံနှိပ်တိုက်၊ ၁၉၃၇။ စာမျက်နှာ ၄၉ - ၅၁

၇။ **ကုန်းဘောင်ဆက်၊** (၁၉၀၅)၊ ၁၄၂၃ - ၄

၈။ **ကုန်းဘောင်ဆက်၊** (၁၉၀၅)၊ ၁၄၄၀

၉။ *Mission to the Court of Ava, 1855*. p. 245

မင်းကြီး မဟာမင်းလှသီဟသူ ဘွဲ့နှင့် မကွေးမြို့စား ဝန်ကြီးအဖြစ် ချီးမြှောက်တော်မူသည်။[1] သကရာဇ် ၁၂၁၄ (၁၈၅၂)ခုအတွင်း ပြည်မြို့ရှိအင်္ဂလိပ်အရေးပိုင် ကုလားဗိုလ်တို့ထံ စုန်သွား၍ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲကို ပြေငြိမ်းအောင်စကားပြောဆိုရသည်။[2] မေဂျာအာသာဖဲရာတို့ သကရာဇ် ၁၂၁၇(၁၈၅၅)ခုအတွင်း သံတမန်အဖြစ် လာရောက်စဉ်က မကွေးမြို့စား ဝန်ကြီးက နေပြည်တော်ရောက် ကြိုဆို ဆောင်ယူရလေသည်။[3] ထိုစဉ်က မကွေးမြို့စား ဝန်ကြီးမှာ အသက်လေးဆဲ့ရှစ်နှစ်ခန့်ရှိပြီဖြစ်၏။ ကပ္ပိတန် ဟင်နရီယူးလ်က မကွေးမြို့စားဝန်ကြီးအကြောင်းကို ဤကဲ့သို့ ရေးသား ထားခဲ့ပါသည်။

> မကွေးမြို့စား မင်းကြီးသည် ကိုယ်ကျင့်တရား ကောင်းမွန်၍ တရားမျှတသော စိတ်သဘောထားရှိ၏။ အလုပ်ကိစ္စနှင့် ဆွေးနွေးတိုင်ပင်ရာ၌ မေးမြန်းသောပြဿနာများကို ဖြစ်နိုင်ကချက်ချင်း ပြေလည်အောင် ဖြေဆိုတတ်သော်လည်း ဗမာ့ နည်းပရိယာယ်အတိုင်း မလွှဲမရှောင်သာ၍ ဖြေဆိုရသည့်အသွင်ကို ဆောင်တတ်လေသည်။ အင်္ဂလိပ်အစိုးရနှင့် ငြိမ်းချမ်းစွာ ဆက်ဆံရေးကို လိုလားကြောင်း ယုံမှားဘွယ်မရှိချေ။ အင်္ဂလိပ်နှင့် မြန်မာတို့ စာချုပ် ချုပ်ဆိုရန် သဘောတူလိုလားသူ ဖြစ်သည်ဟု မေဂျာဖဲရာက ထင်မြင်လေသည်။[4]

ဝန်ကြီးများသည် တဦးနှင့်တဦး ရာထူးအားဖြင့် အနိမ့်အမြင့် ခွဲခြားခြင်း မရှိသော်လည်း မကွေးမြို့စား ဝန်ကြီးသည် လွှတ်တော်ကို ဦးစီးရသည့်အပြင် အင်္ဂလိပ်မြန်မာဆက်သွယ်ရေးကို စာပေးစာယူမှုအစ ကြီးကြပ်ဆောင်ရွက်ရလေသည်။ ယင်းသို့ နိုင်ငံခြားရေးရာကို အလုံးစုံအာဏာလွှဲအပ် ခြင်းခံရသဖြင့် အရေးပိုင်ဟူသောဘွဲ့ထူးကို ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည်။[5] မြင်ကွန်းမြင်ခုန်တိုင် အရေးတော်ပုံအတွင်း မကွေးမြို့စား ဝန်ကြီးနှင့် အခြားအရာရှိ အချို့ကို သူပုန်များက လွှတ်တော်အတွင်း ဘမ်းဆီးချည်နှောင် ထားကြသည်။[6] သို့ရာတွင် အရေးတော်ပြီးငြိမ်း သွားသောအခါ၌ မကွေးမြို့စားဝန်ကြီးသည်။ သူပုန်တို့အားကူညီကြောင်းပေါ်ပေါက်၍ မင်းတုန်းမင်းကြီးကိုယ်တိုင် မှူးမတ်ဗိုလ်ပုံအလယ် စစ်ဆေးတော်မူရာ မကွေးမြို့စားဝန်ကြီးက ဟဘ်မှန်သည့်အတိုင်း ဖြောင့်ချက်ပေးလေသည်။ ထိုအခါ မင်းတရားကြီးက ဝန်ကြီး၏ဖြောင့်ချက်အရ ကိုယ်တိုင်စီရင်ချက်ချရမည်ဟု မိန့်တော်မူ၏။ ကြောက်ရွံ့တုန်လှုပ်ခြင်း ကင်းမဲ့စွာ မကွေးမြို့စား ဝန်ကြီးက စီရင်ချက်ချမှတ်သည်ကား ... သူပုန်တို့ကို ကူညီသောအမှုသည် အရှင့်သစ္စာတော်ကို ဖေါက်ဖျက်သော အမှုဖြစ်သောကြောင့် ရာထူးစည်းစိမ်မှနှုတ်၍ ကွက်မျက်စေ။ သက်ရှိသက်မဲ့ ဥစ္စာပစ္စည်းကို သိမ်းစေ။ တဆွေ တမျိုးလုံး မီးလောင်တိုက်သွင်းစေ ဟူ၍ဖြစ်ပါသည်။ ယင်းသို့ရဲရဲဝံ့ဝံ့ဖြောင့်မတ်စွာ လျှောက်တင်သဖြင့် မင်းတုန်းမင်းကြီးသည် မကွေးမြို့စား ဝန်ကြီးအား အသက်စည်းစိမ်ကို ချမ်းသာပေးတော်မူ၍ ဝန်ကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေသည်။[7] သို့ရာတွင် ဘုရင်မင်းမြတ်သည် ဝန်ကြီးအပေါ်၌ သဒ္ဒါယုံမှတ်ခြင်း လျော့ပါးသွားရကား တဖြည်းဖြည်း တိမ်မြုပ်သွားလေသည်။ တနည်းအားဖြင့် အသက်အရွယ်ကြီးရင့် သောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထိုစဉ်က ဝန်ကြီးမှာ ခုနစ်ဆယ်ခန့်ရှိနေပြီဖြစ်၏။ အီးဘီစလေဒင်သည် သူ၏ နေ့စဉ် မှတ်တမ်း၌ မြင်ကွန်း မြင်းခုန်တိုင် အရေးတော်ပုံနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားသေသည်။

> ပြီးဆုံးသွားသော ပုန်ကန်ထကြွမှု၏ အပြစ်များကို မချမ်းမြေ့ဘွယ်ရာ ပြက်ပြက်ထင်ထင်တွေ့မြင်နေရပါသည်။ သို့ရာတွင် ဘုရင်မင်းမြတ်မှာ သိမ်းပိုက်ရရှိသည့် ပစ္စည်း ရွှေငွေများဖြင့် ဘဏ္ဍာရေးကြပ်

၁။ **ကုန်းဘောင်ဆက်**၊ (၁၉၂၃)၊ တ၊ ၂၀၁
၂။ **ကုန်းဘောင်ဆက်**၊ (၁၉၀၅)၊ ၁၃၃၇
၃။ **ကုန်းဘောင်ဆက်**။ (၁၉၂၃)၊ တ၊ ၂၂၁
၄။ *Mission to the Court of Ava 1855*. p. 245
၅။ *Ibid*
၆။ **ကုန်းဘောင်ဆက်**၊ (၁၉၂၃) တ - ၃၃၀
၇။ **ဝန်ကြီးမှူးကြီးများ**၊ ၅၆ - ၇

> တည်းမှုကို ဖြေရှင်းနိုင်ခဲ့သည်။.... ယင်းသို့ သိမ်းယူရာတွင် သူပုန် ပတိမ်းမင်းသားကို ကူညီထောက်ပံ့သည်ဟူသော စွဲချက်ဖြင့် မကွေးဝန်ကြီးတဦးတည်းထံမှပင် တဆဲ့နှစ်သိန်း ရရှိလေသည်။[၁]

ဤကား မန္တလေး နေပြည်တော်ရှိ ဗြိတိသျှ ကိုယ်စားလှယ်၏ ရေးသားချက် ဖြစ်ပါသည်။ ယင်းအချက်ကို ထောက်၍ မကွေးမြို့စားဝန်ကြီးမှာ ရာထူးမှထုတ်ပယ်ခြင်း မခံရသော်လည်း မင်းသုံးဆက်တိုင် ခစားထမ်းရွက်စုဆောင်းလာသည့် စီပွားပျက်ပြုန်းသွားကြောင်း ထင်ရှားလေသည်။

ပုခန်းကြီးမြို့စားဝန်ကြီး ငယ်မည်မောင်ရန်ဝေးဖြစ်သည်။ ငယ်စဉ်ကရဟန်းပြုသဖြင့် မင်းကျောင်းဆရာတော်ဟု ကျော်စောသည်။[၂] မင်းဘုန်းမင်းသား၏ ငယ်ဆရာတော်ဖြစ်ရကား မင်းသား ရွှေဘိုသို့ တိမ်းရှောင် သွားသောအခါ ဆရာတော်သည် လူဝတ်လဲ၍ အမှုတော်ကိုလိုက်ပါ ထမ်းရွက်လေသည်။[၃] အထွတ်အမြတ်သို့ ရောက်တော်မူသောအခါ မောင်ရန်ဝေးကို မင်းကြီး မဟာ မင်းလှစည်သူ ဘွဲ့နှင့် အဘွင်းဝန်ခန့်ထား မြှောက်စားသည်။[၄] သက္ကရာဇ် ၁၂၁၅ (၁၈၅၃)ခု တပေါင်းလတွင် အဂ္ဂမဟာသေနာပတိ ဝန်ကြီး ခန့်တော်မူ၏။[၅] နောက်နှစ် နယုန်လအတွင်း သတိုးတပ် ဘွဲ့ကို သနားတော်မြတ်ခံ ရသည်နှင့် သတိုးမင်းကြီး မဟာမင်းလှစည်သူ ဖြစ်လာလေသည်။[၆] မကြာမီပင် နေပြည်တော် အဘွင်း ကိုယ်ရံတော်၊ စုကြီးခြောက်ကြောင်း၊ သေနတ်မှစ၍ အရပ်ရပ် သေနတ်အစု အမှုထမ်းတို့တွင် ဝန့်ခန့်တော်မူ၍ ကြီးမှူးအုပ်ချုပ်ရ၏။[၇] မင်းတုန်းမင်းကြီးသည် ဤဆရာတော် လူထွက် ဝန်ကြီးအား ခမည်းတော် သာယာဝတီမင်း၏ မိဖုရားငယ်ဘပါးဖြစ်သော သံလျင်မြို့စား မိဖုရားနှင့် ပေးထိမ်းမြားတော်မူသည်။ ရတနာပူရ အင်းဝရွှေနန်းတော်သို့ ကပ္ပိတန်ယူလ်ဘို အဖွဲ့ အခြေ့ရောက်ရှိစဉ်က ပုခန်းဝန်ကြီးသည် အသက်လေးဆဲ့နှစ်နှစ်ခန့်ရှိပေပြီ။ ပညာရှိတဦးဖြစ်သော်လည်း ပြည်ရေးရွာမှုတွင် များစွာ တွင်ကျယ်ဝင်ဆန့်ခြင်းမရှိဟု ယူလ်ကဖော်ပြပါသည်။[၈] ယူလ်၏မှတ်ချက်မှာ ထိုစဉ်အခါက မှန်ကောင်းမှန်ပေမည်။ သို့ရာတွင်နောက်ပိုင်း၌ ပုခန်းဝန်ကြီးသည် လွှတ်တော်ကိုဦးစီးရသည်သာမက ခေါင်းဆောင်ဝန်ကြီး အဖြစ်ဖြင့်ရင်း၊ နိုင်ငံခြားရေးဝန်ကြီး အဖြစ်ငင်း၊ ထမ်းရွက်ရကြောင်း သိရပါသည်။ ငင်းပြင် တွဲဘက်ရုံးအရာရှိအဖြစ်၊ ကုလားဝန်၊ ဗြိတိသျှကိုယ်စားလှယ်တို့နှင့်အတူ အမှုအခင်းတို့ကို စီရင်ဆုံးဖြတ်ရလေသည်။ လွှတ်တော်ဝန်ကြီးလည်းဖြစ်၊ နေပြည်တော်တွင်းရှိ သေနတ်အမှုထမ်းတို့ကို အုပ်ချုပ်ရသည့် ဗိုလ်မှူးလည်းဖြစ်သဖြင့် တန်ခိုးအာဏာ ကြီးမားလှသည်။ သို့သော် ယင်း တန်ခိုးအာဏာကို အလွဲသုံးစားမလုပ်ချေ။ ဂတိမလိုက် မျှတသော သဘောရှိသည်ဟု ဂုဏ်သတင်းကြီးသည်။ ရန်ကုန်မြို့၊ တော့-ဖင်ဒလေကုမ္ပဏီ ပစ္စည်းများ၊ မန္တလေးတွင် အရေးတော်ပုံ အတွင်းပျက်စီးဆုံးပါးသည်နှင့် ပတ်သက်၍ ဒေါက်တာဝီလျံမ်၏ လျှော်ကြေးတောင်းခံလွှာကို ဝေဘန်ရာ၌ အီ၊ ဘီ၊ စလေဒင်သည် ပုခန်းဝန်ကြီး ပွင့်လင်းကြောင်း၊ တရားမျှတကြောင်း အကြိမ်ကြိမ် ဖော်ပြလေသည်။[၉] လက်ဖတင် ဂျင်နရယ်၊ အလ်ဘတ်ဖိုက်နှင့် ပုခန်းဝန်ကြီးတို့သည် ၁၈၆၇-ခုနှစ် အင်္ဂလိပ်မြန်မာကူးသန်းရောင်းဝယ်ရေး စာချုပ်ကို လက်မှတ်ရေးထိုးကြရသူများဖြစ်၍ စာချုပ်အတည်မပြုမီ များစွာနှီးနှော ဆွေးနွေးကြသည်။ ဖိုက်၏ မန္တလေးသွား မှတ်တမ်းတွင် ပုခန်းဝန်ကြီးသည် သံကြီး တမန်ကြီးတို့ လက္ခဏာနှင့် အပြည့်ဝဆုံး ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် အရေးကြီးသည့် နိုင်ငံပြဿနာများကို စီမံခန့်ခွဲရန်လွှဲအပ် ထားခြင်းခံရပေသည်ဟု ရေးသားဖော်ပြလေသည်။[၁၀] ဝန်

၁။ E.B. Sladen: "Mandalay Diary", *India Foreign and Political Proceedings*, No.45, May 1867

၂။ **ဝန်ကြီးမှူးကြီးများ** ၄

၃။ *Mission to the Court of Ava 1855.* 243

၄။ **ကုန်းဘောင်ဆက်၊** (၁၉၀၅)၊ ၁၃၁၄

၅။ **ကုန်းဘောင်ဆက်၊** (၁၉၀၅)၊ ၁၃၅၀

၆။ **ကုန်းဘောင်ဆက်၊** (၁၉၂၃)၊ တ-၂၀၀

၇။ **ကုန်းဘောင်ဆက်၊** (၁၉၂၃)၊ တ-၃၄၀

၈။ *Mission to the Court of Ava 1855*, p.245

၉။ *India Foreign and Political Proceedings*, No.99 October 1866

၁၀။ Lieut-General A. Fytche: *Burma Past and Present, with Personal Reminiscences of the Country*, London, 1878, Vol.II, Appendix C, p.254

ကြီးသည် အလွန်ဗဟုသုတကြွယ်ဝကြောင်း၊ မင်းမှုကိစ္စ အလွတ်သွားရောက် လည်ပတ်သောအခါများ၌ စကားလက်ဆုံ ပြောရသေည်မှာ လွန်စွာအဆင်ပြေ၍ လိုက်လိုက်လှဲလှဲရှိကြောင်းနှင့် ဆက်လက်ဖော်ပြထားသည်။ ပြောဆို ဆွေးနွေးကြသည့် အကြောင်းအရာများမှာလည်း —

> ခရစ်ယန်သာသနာရေး၊ ရေလှမ်းမိုးခြင်း၊ နေလကြိုက်နေကြိုက်သွား၊ ကမ္ဘာအရေပ်ရပ်၌ နေ့တာ ညတာ ပြောင်းလဲခြင်းစသည်တို့ကို အားပါးတရ ပျော်ပျော်ရွှင်ရွှင်ပြောဆိုကြသည် [၁]

ဟုရေးသားထားပါသည်။ ၁၈၇၀ ခုအတွင်း တွေ့ဆုံခဲ့ရသည့် ဂျေတလ်ဘိုင်းဝှီးလားက၊ ဝန်ကြီးအကြောင်းကို ဤသို့ ရေးသားပါသည်။

> ဝန်ကြီးသည် အသက်ခြောက်ဆယ်ခန့်ရှိပြီဖြစ်၏။နဖူးကျယ်ကျယ်၊ ကျောက်ပေါက်မာသက်သက် ရှိ၏။ သွားများမှာ အိုမင်းခြင်းကြောင့်ရင်း၊ကွမ်းစားခြင်းကြောင့်ရင်းမဲနက်လှက်ရှိသည်၊သိက္ခာသမာဓိ ရှိသောအသွင်ကိုဆောင်သည် [၂]

မင်းတုန်းမင်းတရားကြီးသည် ပွင့်လင်းပြတ်သားလှသည့် ဤဝန်ကြီးကိုလွန်စွာလေးစားလေသည်။ ခြိမ်းခြောက်ခြင်း၊ ပစ်ပယ်ခြင်းတို့ကိုမပြုနိုင်ချေ။ ပရိယာယ်ဝေဝစ်မနေ၊ ရိုးရိုးစင်းစင်းပင် ဘုရင်မင်းမြတ်၏ အမှားကိုညွှန်ပြ ကန့်ကွက်တတ်လေသည်။ ဘုရင့်အပြုအမူများ အမိန့်တော်များ၊တရားနည်းလမ်းမကျဟုထင်မြင်သည့်အခါများ၌ အမိန့်တော်စာများကို ဆုတ်ဖြဲ၊ ပျက်ရယ်ပြုဝံ့သော သတ္တိရှိပေသည်။ တခါသော် မင်းတုန်းမင်းသည် သာသနာရေးကိစ္စအဝဝအတွက် အသုံးပြုရန် အခွန်တော်ငွေပိုမိုကောက်ခံလိုကြောင်းနှင့်ပုခန်းဝန်ကြီးကိုတိုင်ပင်တော်မူသည်။ ကောက်ခံနေသည့်အခွန်တော်ငွေမှာ တအိမ်ထောင်လျှင် တနှစ်အတွက် တမတ်မျှသာဖြစ်သည်။ ပုခန်းဝန်ကြီးက မဟာသမ္မတမှစ၍ ရှေးမင်းကောင်းမင်းမြတ်တို့သည် ဆယ်ခိုင့်တခိုင်ဖြစ်သော သဿမေဓကိုသာ ကောက်ယူမြဲဖြစ်သဖြင့် မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ပိုမိုကောက်ယူခြင်းမှာမလိုလားအပ်ကြောင်းနှင့် အပြင်းအထန်ကန့်ကွက်လေသည်။ရှေးအစဉ်အလာကို ချိုးဖောက်ရာရောက်သဖြင့်မြောက်ဥယျာဉ်ကို ဖျောက်ဖျက်သည်နှင့်တူကြောင်း သံတော်ဦးတင်လေသည်။ မင်းတုန်းမင်းသည် ကြံရွယ်တော်မူချက်ကို ရုပ်သိမ်းလိုက်ရ၏။[၃] တဖန် ကရင်နီနယ်ကိုသိမ်းယူရန် မင်းတရားကြီး၏အမိန့်လွှာ လွှတ်တော်သို့ရောက်ရှိလာသောအခါ ပုခန်းဝန်ကြီးသည် အမိန့်တော်လွှာကိုဆုတ်ဖြဲ၍နာခံတော်အား ဘုရင်မင်းမြတ်ကိုမြင်သည့်အတိုင်း လျှောက်ထားချေဟုခစခိုင်းလိုက်သည်။ မင်းတုန်းမင်းကြီးလည်းအလွန်စိတ်ဆိုးတော်မူသဖြင့် အတွင်းတော်သို့ အမိန့်တော်နှင့်ဆင့်ခေါ်တော်မူရာ လွှတ်တော်တွင်တိုင်းရေးပြည်မှုနှင့်အလုပ်ရှုပ်နေ၍ အမိန့်တော်နှင့်ဆင့်ခေါ်တိုင်း နန်းတော်သို့မဝင်နိုင်ကြောင်း ပြန်လည်လျှောက်ထားလိုက်လေသည်။ ထိုနောက်ဝန်ကြီးသည် ညညီလာခံမဝင်ဘဲ ငါးရက်တိုင်တိုင်နေလေ၏။ နောင်ညီလာခံ ဝင်သောအခါ ကရင်နီနယ်သိမ်းပိုက်ရေး အဘယ်ကြောင့် ဆိုင်းငံ့ထားကြောင်း မေးတော်မူသော် ပုခန်းဝန်ကြီးက ဤသို့လျှောက်ထားသံတော်ဦးတင်လေသည်။ကရင်နီနယ်သည် တိုင်းသိမ်ပြည်ငယ်မျှသာဖြစ်၍သိမ်းပိုက်လျှင်အကျိုးထက်အပြစ်များမည်။အဆိုပါနယ်ကို သိမ်းယူခြင်းဖြင့် မြန်မာယိုးဒယားနယ်စပ် အယှက်အတင်ဖြစ်လာ၍ အချင်းပွားရန်လည်းမြင်သည်။သို့ဖြစ်၍ နှစ်စဉ်ဆက်သမြဲလက်ဆောင်ပဏ္ဏာကိုယူကာ တိုင်းကျပ်ပြည်ငယ်အဖြစ်ဖြင့် ဆက်၍ထားရန်သင့်သည်။ ထို့ပြင် မင်းမည်သည် မင်းနှင့်တူအောင်ကျင့်ရာ၏။အများသူတကာပြောဆိုတိုင်း လိုက်နာရန်မသင့်။ လွှတ်တော် ဝန်ကြီးများထားရှိပါလျက် တိုင်ပင်ခြင်းမပြုလျှင် လွှတ်တော်ကိုပါဖျက်သိမ်းရာ၏ဟု သံတော်ဦးတင်လေသည်။မင်းတုန်းမင်းကြီးက အထူးဆိုဖွယ်မရှိ။ နားထောင်၍သာနေရပါတော့သည်။ အခါတပါးတွင်လည်း ဘုရင်မင်းတရားကြီးကငါ၏ အမှုတော်ထမ်း ဝန်စုမှူးစုတို့ မယားများစွာယူသဖြင့် လခရိက္ခာတော်နှင့် မလောက်မငံ၊ တံစိုးလက်ဆောင်စားယူကြခြင်းဖြစ်မည်။ ထို့ကြောင့် ရာထူးဌာနန္တရအလိုက် မယားဦးရေကန့်သတ်ရန် အတွင်းဝန်များကို မိန့်တော်မူသည်။ ဤအမိန့်တော်လွှာ

၁။ *Burma Past and Present*, p.275

၂။ J.Talboys Wheeler: *Journal of a Voyage up the Irrawaddy to Mandalay and Bhamo*, Rangoon 1871, p.56

၃။ **ဝန်ကြီး မှူးကြီးများ**၊ ၈–၉

လွှတ်တော်သို့ရောက်ရှိသောအခါ ပုခန်းဝန်ကြီးက ဘုရင်မင်းမြတ်သည် နိုင်ငံတော်အတွင်း မယားအများဆုံးယူသော ပုဂ္ဂိုလ်ဖြစ်၍ ဘုရင့်ကိုပါ ထည့်သွင်းပညတ်မှသာလျှင် ဤဥပဒေ တရားမျှတမှန်ကန်မည်ဖြစ်ကြောင်း မှတ်ချက်ချလိုက်လေသည်။[၁] သို့နှင့် ယင်းကိစ္စမှာတခန်းရပ်သွားရ၏။ တကြိမ်တွင်လည်း အဝေးမြို့ဝန်နှစ်ဦး နေရာလစ်လပ်ရာ ဘုရင်မင်းမြတ်သည် မြတ်နိုးတော်မူသော မိဖုရားငယ်အချို့တို့၏ အလိုကိုလိုက်၍ ၎င်းတို့၏ ဆွေမျိုးသားချင်းများကို တိုက်ရိုက်ခန့်ထားလေသည်။ ရာထူးခန့်ပြန်တမ်းများ လွှတ်တော်သို့ မှတ်သားချက်ထားရန်နှင့် ထုတ်ပြန်ရန် ရောက်ရှိလာသောအခါ ပုခန်းဝန်ကြီးသည် အမိန့်တော်စာချွန်တော်များကို ချိုးဖဲ့ပြစ်လိုက်လေ၏။ ရာထူးခန့်ထားမြဲအစဉ်အလာမှာ လွှတ်တော်ဝန်ကြီးများက သင့်တော်ရာရွေးချယ်တင်ပြ၍ ၎င်းတို့ထောက်ခံချက်နှင့် ဘုရင်ကခန့်ထားရသည်။ ယခုမူ မိဖုရားများ လျှောက်ထားချက်နှင့် အတွင်းတော်မှ တိုက်ရိုက်ခန့်ထားခြင်းမှာ လွှတ်တော်ဝန်ကြီးများ၏ အခွင့်အာဏာကို ကျော်လွန်သည်ဖြစ်၍ ပုခန်းဝန်ကြီးမှာ မခံမရပ်နိုင် ရှိလေသည်။ စာချွန်တော်များ ချိုးဖဲ့ပြစ်ခြင်းကို ဘုရင်မင်းမြတ်က မေးတော်မူရာ လွှတ်တော်သည် ဘုရင့်အမှုတော်ကိုသာထမ်းရွက်ကြောင်း၊ ဝန်ကြီးများမှာလည်း ဘုရင့်အမိန့်တော်ကိုသာ နာခံကြောင်း၊ မိဖုရားများ၏အမိန့်တော်ကို နာခံရသည်မဟုတ်ကြောင်းနှင့် သံတော်ဦးတင်လေသည်။[၂] ဘုရင်မင်းမြတ်မှာ မည်သို့မျှ မတတ်သာဘဲ အလျှော့ပေးလိုက်ရပြန်၏။ တကြိမ်တွင်လည်း ဝန်ကြီးသည် ဤသို့ပင်ရဲရဲတောက် မှတ်ချက်ချဘူးသေးသည်၊ ရွှေအိုက်တော်မှထုတ်ပေးသော ရွှေဒင်္ဂါးများသည် တန်ဘိုး ၅ ကျပ် နှုန်း ထားသော်လည်း နေပြည်တော်အပ ကျေးလက်မြို့ရွာများတွင် ၃ ကျပ် သာ ရရှိသဖြင့် ဆင်းရဲသားများ လွန်စွာနစ်နာကြသည်။ ဤသည်ကို ကြားသိရသော ပုခန်းဝန်ကြီးသည် ရွှေတိုက်တော်အတွင်းရှိ ငွေတော်များကို ထုတ်ပေးလဲလှယ်စေရာ ငွေမလောက်နိုင်အောင် ရှိလေသည်။ ဘုရင်မင်းမြတ်ကအကြောင်းကိုမေးတော်မူရာ မင်းချည်သည် ဆင်းရဲသား ကျွန်တော်မျိုးတို့အပေါ်တွင် အမြတ်မရယူသင့် အမြတ်ယူလိုသော် မင်းမလုပ်ဘဲ ကုန်သည်လုပ်ရာသည်ဟု ပြတ်ပြတ်တောင်းတောင်းပင် လျှောက်တင်လိုက်လေသည်။[၃]

ပုခန်းဝန်ကြီးသည်မဟုတ်လျှင် မခံတတ်သောသဘောရှိ၏။ အသက်စည်းစိမ်ကိုမငဲ့၊ တိုင်းသူပြည်သားတို့အကျိုးကို ရှေ့ရှုလေသည်။ မည်သည့်အခါမျှမင်းလိုလိုက်၍ မင်းကြိုက်ကိုမဆောင်ချေ။ ဘုရင်မင်းမြတ်ကလည်း အလွန်လေးစား၍ ဆရာကြီးဘူ၍ငင်း၊ ပုခန်းရှင်ဘုရင်ကြီးဟူ၍ငင်း၊ ခေါ်လေ့ပြောလေ့ရှိသည်။ ၁၀၇၃-ခု၊ နှိုဝင်ဘာလအတွင်း ကွယ်လွန်ရာ ဘုရင်မင်းမြတ်နှင့်တကွ သိဘူးသူတိုင်း နှမြောဟသ ရှိကြလေသည်။[၄]

လောင်းရှည်မြို့စားဝန်ကြီး[၅] ရေနံချောင်းမြို့စားဝန်ကြီးနှင့် ခန်းပတ်မြို့စားဝန်ကြီးတို့ အကြောင်းမှာ ဝန်ကြီးမဖြစ်မီအတွင်းဝန်အရာ၌ ခစားထမ်းရွက်ခဲ့ရသည်မှတပါး များစွာမသိရချေ။ လောင်းရှည်ဝန်ကြီးမှာ လှေတော် ဘောင်တော်များကို ကြီးမှူးရသည်။ ခန်းပတ်ဝန်ကြီးမှာ လမ်းပန်းအဆောက်အဦနှင့် စက်ရုံတော်များကို အုပ်ချုပ်ရသည်။ လောင်းရှည်နှင့် ရေနံချောင်းဝန်ကြီးတို့သည် ဘုရင့်ယောက္ခမများဖြစ်၏။ သမီးများမှာ မိဖုရားငယ်များဖြစ်ကြသည်။ ရေနံချောင်းဝန်ကြီးဦးဆိုးသည် ရှမ်းပြည် မြို့ရွာများအပါအဝင် နိုင်ငံတော် မြို့ရွာအသီးသီးရှိ သင်းဘွဲ့မူထမ်းတို့ကို ထိန်းသိမ်းဆင့်ဆိုရ၍[၆] ဗိုလ်မှူးဝန်ကြီးဘွဲ့ကို ရရှိပါသည်။ ဗိုလ်မှူး[၇] ဟူသောဘွဲ့မှာ မင်းကသဒ္ဓါယုံမှတ်တော်မူသော မင်းသားများကိုသာ ချီးမြှင့်လေ့ရှိသည်။ ဗိုလ်မှူးမင်းသားကို ဘုရင်များအကိုးစားဆုံး၊ အယုံကြည်ဆုံးဖြစ်၏။ ဗိုလ်မှူးဝန်ကြီးမှာသည်း ထိုအတူပင်ဖြစ်သည်။ မေဂျာဂျင်နရယ်အလ်ဘတ်ဖိုက်သည် မန္တလေးမှတ်တမ်းတွင် ရေနံချောင်းဝန်ကြီးကို

၁။ **ဝန်ကြီးမှူးကြီးများ၊** ၁၉-၂၀
၂။ **ဝန်ကြီးမှူးကြီးများ၊** ၂၀-၂၂
၃။ **ဝန်ကြီးမှူးကြီးများ၊** ၁၂-၁၃
၄။ ***GUBSS*** **Part I, Vol. II, p.71.** မြန်မာ **ဝန်ကြီး မှူးကြီးများ အတ္ထုပ္ပတ္တိ၊** စာမျက်နှာ ၄၄-တွင် အသက် ၆၃-နှစ်၊ သကရစ် ၁၂၃၇-ခု၊တော်သလင်းလ (စက်တင်ဘာ ၁၀၇၅) အတွင်း ကွယ်လွန်သည်ဟုဖေါ်ပြ၏။
၅။ သကရစ် ၁၂၂၃-ခု၊ (၁၀၆၁) ကဆုန်လအတွင်း အဂ္ဂမဟာ သေနာပတိ ဝန်ကြီးခန့်တော်မူသည်။ **ကုန်းဘောင်ဆက်** (၁၉၂၃) တ-၂၉၀၊
၆။ **ကုန်းဘောင်ဆက်** (၁၉၂၃)၊ တ၊ ၃၄၀
၇။ **အုပ်ချုပ်ပုံ၊** တ၊၁၉၄

ဂုဏ်သတင်းကြီးမားသည့် စစ်သားကြီးဟူ၍၎င်း၊ တည်ကြည်၍ ပြေပြစ်လျောက်ပတ်သော အမူအရာရှိသည်ဟူ၍၎င်း ရေးသားထားပါသည်။[၁] နိုင်ငံရေးတွင်ဝင်ရောက်စွက်ဖက်ခြင်းမရှိ၊ ကျော်စောထင်ရှားခြင်းမှာ တိုက်ရည်ခိုက်ရည်ကောင်း ခြင်းကြောင့်ဟုဆိုလေသည်။

လယ်ကိုင်းမြို့စားဝန်ကြီး၊ သကရစ် ၁၁၈၃ (၁၈၂၃) ခုနှစ် ဘွားမြင်၍ ငယ်မည်မှာ မောင်ချင်းဖြစ်သည်။ မင်းတုန်းမင်းသားထံတွင် ခစားရာ မောင်ကောင်းဟူ၍ အမည်ပြောင်းလဲခေါ်တွင်စေသည်။ အထွတ်အမြတ်သို့ရောက်တော်မူသော သကရစ်၁၂၁၄(၁၈၅၂)ခုနှစ်တွင် ရွှေတိုက်စိုးခန့်၍ မင်းလှသခ်သူ ဘွဲ့ပေးတော်မူသည်။ အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ခြင်းဖြင့် အဆင့်ဆင့် တိုးမြှင့်ချီးမြှောက်ခြင်းခံရလေသည်။ သကရစ် ၁၂၂၈ (၁၈၆၆) ခု အတွင်း မင်းကြီးမဟာစည်သူဘွဲ့နှင့် ကင်းဝန်ထောက်ရာထူးပေးသနားတော်မူသည်။[၂] သကရစ် ၁၂၃၃ (၁၈၇၁) ခု တပေါင်းလတွင် အင်္ဂလန်နိုင်ငံသို့ မြန်မာသံတော်အဖွဲ့ကိုခေါင်းဆောင်လျှက်သွားရောက်ခဲ့ရသည်။ ယင်းသို့ သံကြီး တမန် ကြီးအဖြစ်နှင့်မသွားရမီ၊ အဂ္ဂမဟာသေနာပတိ ဝန်ကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရ၏။[၃] အပြန်တွင် ပြင်သစ်နှင့် အီတလီ နိုင်ငံများကို လှည့်လည်ဝင်ရောက်ခဲ့၍[၄] သကရစ် ၁၂၃၅ (၁၈၇၃) ခုတွင် ပြန်လည် ဆိုက်ရောက်လာရာ နှစ်သက်အားရတော်မူသဖြင့်သတိုးတပ်ဘွဲ့ထပ်ဆင့်၍ သတိုးမင်းကြီးမဟာမင်းလှစည်သူဘွဲ့သနားတော်မူသည်။[၅] သကရစ် ၁၂၃၅(၁၈၇၃)ခုနှစ်တွင် တဖန်သံကြီးတမန်ကြီးအဖြစ်နှင့် ပြင်သစ်ပြည်သို့စေလွှတ်၍ ယခင်က ချုပ်ဆိုခဲ့သော ကူး သန်းရောင်းဝယ်ရေးစာချုပ်ကို ထပ်မံအတည်ပြု ချုပ်ဆိုစေသည်။[၆] နောက်တနှစ်တွင် သေနတ်ဝန်ကြီးခန့်ထားတော်မူ သဖြင့် ကြည်းကြောင်းစစ်မှုထမ်းဖြစ်သော တောင်ဒဝယ်၊ မြောက်ဒဝယ်စသည့် သေနတ်အစုတပ်ပေါင်းနှစ်ဆဲ့နှစ်တပ်ကို ကြီးမှူးအုပ်ချုပ်ရလေသည်။[၇] လယ်ကိုင်းမြို့ကိုမြို့စားပေးတော်မူ၏။[၈] ထို့နောက်တွင်မှ လတ်ကိုင်းမြို့စားဝန်ကြီးဟူ၍၎င်း၊ ကင်းဝန်မင်းကြီးဟူ၍၎င်း၊ သေနတ် ဝန်ကြီးဟူ၍၎င်း ထင်ရှားလေသည်။ သကရစ် ၁၂၃၇ (၁၈၇၅) ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့တိုင်းခမ်းလှည့်လည်တော်မူသော ဝေလမင်းသားအားသွားရောက်တွေ့ဆုံရလေသည်။သီပေါမင်းလက်ထက် ဆက်လက်အမှုတော်ထမ်းခဲ့၏။ မြန်မာနိုင်ငံကိုအင်္ဂလိပ်များ ၁၈၈၅ ခုနှစ်တွင်သိမ်းပိုက်ပြီးသည့်နောက် အင်္ဂလိပ်အစိုးရ လက်အောက်တွင် ဆက်လက်အမှုတော်ထမ်းရရာ၊ ရိက္ခာတော်ငွေ တလလျှင် တထောင်ကျပ်ရရှိပါသည်။[၉] ဘုရင်ခံမင်း မြတ်၏ ဥပဒေပြုအဖွဲ့တွင် မင်းတိုင်ပင်အမတ်အဖြစ် ခန့်အပ်ခြင်းခံရသည့်ပြင် စီ အက် အိုင် (အိန္ဒိယ သဟာယတာရာ) ဘွဲ့ကိုလည်းချီးမြှင့်ခံရပေသည်။ ဆာဂျော့စကော့က ကင်းဝန်မင်းကြီးအကြောင်းကို ဤကဲ့သို့ အသားပေး၍ ရေးသား ထားပါသည်။

> ဝန်ရှင်တော် လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီးသည် (၁၈၈၅)ခုနှစ်က အသက်ခြောက်ဆယ်လေးနှစ် ရှိ၍ မြန်မာဘုရင်များ လက်အောက်တွင် သုံးဆဲ့လေးနှစ်တိုင် အမှုတော်ကိုထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ အမှုတော်ကို ကြိုးပမ်းထမ်းရွက်ခြင်းဖြင့် လွှတ်တော်ဝန်ကြီး ရာထူးထိတိုးတက်ခဲ့သည်။ မြန်မာတို့၏ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းကို စေ့စပ်သေချာစွာ ကျွမ်းကျင်နားလည်ခြင်းကြောင့် ဗြိတိသျှတို့ မန္တလေး မြို့တွင် ပထမဆုံးဖွဲ့စည်းသည့် ယာယီအုပ်ချုပ်ရေးအဖွဲ့တွင်အကြံပေးအရာရှိအဖြစ် ခန့်ထားခြင်းခံရသည်။ သူ၏သိက္ခာသမာဓိကိုယုံကြည်၍ ယင်းကဲ့သို့ရွေးချယ်ခန့်ထားလိုက်ခြင်း၌ အမှားမရှိကြောင်းကို သစ္စာ ရှိစွာ အမှုတော်ကိုထမ်းရွက်ခြင်းက သိသာထင်ရှားစေပါသည်။[၁၀]

၁။ *Burma Past and Present*, Vol. II, Appendix C, p. 274
၂။ ဦးဖေမောင်တင်၊ **မြန်မာစာပေသမိုင်း**။ ရန်ကုန်မြို့၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၅၅၊ စာမျက်နှာ ၃၃၆
၃။ **ကုန်းဘောင်ဆက်** (၁၉၂၃)၊တ၊၃၀၃
၄။ **ကုန်းဘောင်ဆက်** (၁၉၂၃)တ၊၃၀၆–၇
၅။ **ကုန်းဘောင်ဆက်** (၁၉၂၃)၊တ၊၃၀၇
၆။ **ကုန်းဘောင်ဆက်** (၁၉၂၃)၊တ၊၃၀၇
၇။ **ကုန်းဘောင်ဆက်** (၁၉၂၃)တ၊၄၀၉
၈။ **ကုန်းဘောင်ဆက်** (၁၉၂၃)တ၊၄၁၁
၉။ *GUBSS* Part I, Vol. II, p. 503
၁၀။ *GUBSS*, Part I, Vol II, p 502

ကင်းဝန်မင်းကြီး သည်ထင်ရှားသောစာဆိုတဦးလည်းဖြစ်ပါသည်။ ၎င်းပြုစုသည်များအနက်မှအတိုးအတန်ဆုံးမှာ သကရာဇ် ၁၂၅၆(၁၈၉၄)ခုနှစ်အတွင်း ပြုစုသည့် **၁၆-ခေါင်တွဲ အမှုမှုခန်း ဓမ္မသတ်ကျမ်းကြီး**[1] ပင်ဖြစ်ပါသည်။ ၎င်းပြင် **အဋ္ဌသံခိပ်ဓမ္မသတ်ကတော**[2] နှင့် **အဋ္ဌသံခေပဝဏ္ဏနာဓမ္မသတ်**[3] တို့ကိုလည်း ရေးသားခဲ့သည်။ သီပေါမင်း၏သားတော်နှင့် သမီးတော်တို့ မြပုခက်တင်ချင်းကိုလည်း ရေးသားဆက်သွင်းခဲ့သည်။ **လန်ဒန်သွားမှတ်တမ်း**[4] နှင့် **ပဲရစ်သွားမှတ်တမ်း**[5] တို့မှာ စိတ်ဝင်စားဘွယ်ကောင်း၍ ရာဇဝင်နှင့် စာပေ နှစ်ထွေ တန်ဘိုးရှိသည်ဟု အကဲဖြတ်ကြပါသည်။ ယင်းသို့လျှင် အုပ်ချုပ်ရေး အရာရှိသည်းဖြစ် စာဆိုတော်ကြီးလည်း ဖြစ်သော ကင်းဝန်မင်းကြီးသည် မြန်မာဘုရင် မင်းမြတ်နှင့် ဗြိတိသျှအစိုးရတို့၏ အမှုတော်ကို ငါးဆဲ့ခုနစ်နှစ်တိုင် ထမ်းဆောင်ခဲ့ပြီးနောက် သကရာဇ် ၁၂၇၀(၁၉၀၈)ခု၊ အသက် ၈၇-နှစ်တွင် ကွယ်လွန်ခဲ့လေသည်။

ဝန်ထောက်များနှင့် ပတ်သက်၍ ထူးချွန်သူများကိုသာ တင်ပြပါမည်။ ၎င်းတို့အနက် အထူးမှတ်သားလောက်သူမှာ မြောင်လှ ဝန်ထောက်သီရိမဟာဇေယသူဖြစ်၏။ ယင်းမည်မှာ ဦးခြိမ့်ဖြစ်သည်။ လဘက်ရည်တော် အဖြစ် စတင်အမှုတော်ထမ်းရွက်သည်။ ထို့နောက် အမှုတော်ရေးမှ လွှတ်တော်စာရေးကြီးအထိ တိုးမြှင့်မြောက်စားခြင်း ခံရသည်။ အထူးသဖြင့် နိုင်ငံခြားဆက်သွယ်ရေးဌာနတွင် ချထားထမ်းရွက်ရသည်။ ကင်းဝန်မင်းကြီးနှင့်အတူ သကရာဇ် ၁၂၃၃-(၁၈၇၁)ခုတွင် အင်္ဂလန်သို့၎င်း၊ ၁၂၃၅ (၁၈၇၃)ခုနှစ်တွင် ပြင်သစ်ပြည်သို့၎င်း သံယော်အဖြစ် လိုက်ပါထမ်းရွက်ရသည်။ ထိုမှအပြန်တွင် ဝန်ထောက်တော် ရာထူးသို့ တိုးမြှင့်ခန့်ထားလျက်၊ မင်းကြီး သီရိမဟာဇေယသူ ဘွဲ့ပေးသနားတော်မူသည်။ မြောင်လှမြို့ကိုစားရသဖြင့် မြောင်လှမြို့စား ဝန်ထောက်ဟု ထင်ရှား၏။ သကရာဇ် ၁၂၃၆(၁၈၇၄)ခုနှစ်တွင် ကချင်နိုင်ငံနယ်အရေးနှင့် စကားပြောဆိုရန် အိန္ဒိယပြည် ဘုရင်ခံချုပ်ထံ သံကိုယ်စားလှယ် ခန့်ထား စေလွှတ်တော်မူသည်။[6] သကရာဇ် ၁၂၃၈ (၁၈၇၆) ခုနှစ်တွင် တဖန် အီတလီ၊ စပိန်၊ ပေါ်တူဂီ နိုင်ငံများသို့ သံကြီး တမန်ကြီး အဖြစ် သွားရောက်ရသည်။ သံကြီးတမန်ကြီးတို့ အင်္ဂါနှင့် ပြည့်စုံသည်ဟု သတင်းကြီးလျက် ဘုရင်မင်းမြတ်က အကြွင်းမဲ့ ယုံမှတ် အားထား တော်မူသည်။ စာပေ နယ်တွင်လည်း ထင်ရှား ကျော်စော၏။ သူ၏ **ပူတဂေါ၊ စပိန်၊ အီတလီ သွားမှတ်တမ်း**[7] မှာ လင်္ကာ ဖြစ်ပြီးလျှင် ကင်းဝန်မင်းကြီး၏ မှတ်တမ်း များလောက် လူသိ မများသော်လည်း စာပေကောင်းတခုပင် ဖြစ်ပါသည်။ သို့ရာတွင် စာပေလောက၌ **ကဝိလက္ခဏာဒီပနီ**ကို ပြုစုရေးသားသူအဖြစ် ပို၍ထင်ရှား အသိများလေသည်။ ရွှေနန်းတွင်းမှတ်တမ်း ပေများရေးကူးခြင်းကိုလည်း ကြီးကြပ်ရပါသည်။[8]

ယခု နောက်ဆုံးအနေဖြင့် အတွင်းဝန်များအကြောင်းကို တင်ပြပါမည်။ ထင်ရှားမှတ်သားဘွယ် အကောင်းဆုံးသော အတွင်းဝန်မင်းမှာ ယောအတွင်းဝန်ဟု လူသိများသည့် ရွှေပြည်အတွင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူဖြစ်ပါသည်။ ယင်းမည်မှာမောင်လှိုင်ဖြစ်၍၊ သာယာဝတီမင်းစိတ်နောက်ငြိုအသတ်ခံရသည့် ယင်းတောဝန်ကြီး၏ သားဖြစ်ပါသည်။ ယင်းစဉ်ကပင်၊ မင်းတုန်းမင်းသားထံခစားထမ်းရွက်သည်၊ ရွှေဘိုသို့ တိမ်းရှောင်သွားသော အခါလည်း

၁။ အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်မြို့ ၁၈၈၈။ ဂျီ၊ ဒီ၊ ဘာဂျက်၊ စီ၊ အက်၊ အိုင်၊ အိုင်စီအက် - အင်္ဂလိပ် ဘာသာပြန်ဆိုသည်။ အစိုးရပုံနှိပ်တိုက်မှ၊ နှစ်တွဲခွဲ၍ ၁၉၀၂-ခုနှစ်တွင် ပထမတွဲ။ ၁၉၀၅-ခုနှစ်တွင် ဒုတိယတွဲ ထုတ်ဝေသည်

၂။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၀၈

၃။ လင်္ကာစကားပြေ နှစ်ထွေရော၍ ပုဒ်ရေ (၆၁၁) ထိရှိသည်။ ပုဒ်ရေ ၁-မှ ၁၄၈-ကို ရန်ကုန်မြို့ အစိုးရပုံနှိပ်တိုက်က ၁၉၀၇-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။ ၁၄၉-မှ ၄၁၀-ကို ၁၉၃၄-ခုနှစ်တွင် အင်္ဂလိပ်ဘာသာပြန်နှင့်တကွ ၎င်းတိုက်ကပင်ထုတ်ဝေသည်

၄။ **ကင်းဝန်မင်းကြီး လန်ဒန်သွား မှတ်တမ်း**၊ ပ၊ ဒု၊ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၃-နှင့် ၁၉၅၄ (ထပ်မံပုံနှိပ်ခြင်း)။

၅။ **ကင်းဝန်မင်းကြီး ပဲရစ်သွား မှတ်တမ်း**၊ ရန်ကုန်မြို့။ အစိုးရပုံနှိပ်တိုက်၊ ၁၉၃၉

၆။ **ကုန်းဘောင်ဆက်** (၁၉၀၅)၊ ၁၄၈၈

၇။ မြောင်လှမြို့စား မင်းကြီးသီရိ မဟာဇေယျသူ ဘွဲ့ခံ မြန်မာသံတော်ကြီး ဦးခြိမ့်။ **ပူတဂေါ၊ စပိန်၊ အီတလီ သွား မှတ်တမ်း။** မန္တလေးမြို့၊ လူထု သတင်းစာတိုက်၊ ၁၉၅၉

၈။ အမျိုးသား စာကြည့်တိုက်၊ ပေ ၁၅၉၁ စသည်တို့ရှိ

ထပ်ကြပ်မကွာလိုက်ပါ၍ အမှုတော်ကို ထမ်းဆောင်သည်။ သို့နှင့် မင်းတုန်းအထွတ်အမြတ်သို့ ရောက်တော်မူသောအခါ မင်းလှစည်သူဘွဲ့နှင့်ယောမြို့ကိုစားစေသည်။မကွေးမြို့စားဝန်ကြီး၏သမီးအငယ်ခင်ဖြူနှင့်ဒိမ်ထောင်ပြု၏။သက္ကရာဇ် ၁၂၂၀ (၁၈၅၈)ခုနှစ်တွင် အတွင်းဝန်ရာထူးချီးမြှင့်၍ မင်းကြီးဘွဲ့သနားတော်မူသဖြင့် မင်းကြီးမင်းလှမဟာစည်သူ ဖြစ်လေ [1] လေသည်။မင်းတုန်းမင်းကြီးက အလွန်ယုံမှတ်ကိုးစားတော်မူသဖြင့် အပါးတော်တွင်အစဉ်စံမြဲစားရသည်။အလွန်ဖြောင့်မှန်သည့်ပြင်၊ ပုခန်းဝန်ကြီး၏သွန်သင်မှုကိုခံယူရရှိသဖြင့်လည်း ဆရာနည်းတူပင်လင်းပြတ်သားလှပေသည်။လျှောက်တင်ချက်များကို မကြာခဏဘုရင့်အလိုတော်မကျ၊ မျက်တော်မူရကား၊ သုံးကြိမ်ထက်မနည်း ရာထူးစည်းစိမ်နှုတ်သိမ်းခြင်းခံရလေသည်။ တခါတွင် အရက်သေစာသောက်စားခြင်းနှင့်ပတ်သက်၍ ဘုရင်မျက်တော်မူ၏။ ဘီယာသည် ဆေးခါးကြီးမျှသာဖြစ်၍ ဘီယာသောက်ခြင်း၌အပြစ်တစုံတရာမမြင်ကြောင်းနှင့်ပြောဆိုနေကြောင်း၊ သောက်စားနေကြောင်းကို၊ မင်းတရားကြီးကြားသိတော်မူရာ၊ ခေါ်ယူစစ်မေးတော်မူလေသည်။ ထိုအခါ၊ ယောအတွင်းဝန်က၊ဟုတ်မှန်ကြောင်းနှင့် သံတော်ဦးတင်ရာ၊ မင်းတုန်းမင်းကြီးသည် လွန်စွာစိတ်ဆိုးတော်မူသည်နှင့် အမရပူရ၌ ကာလအတန်ကြာ ပြည်နှင်ဒဏ်သင့်၍နေရလေသည်။ ဟာကြိမ်တွင်လည်း၊ ဘုရင်မင်းမြတ်နှင့် သဘောမတိုက်ဆိုင်၍၊ ပြင်းထန်းစွာ ကန့်ကွက်လျှောက်တင်သည်။ အနည်းငယ်မျှပင်လျှော့မပေးဘဲ၊ နောက်ဆုံးတွင်

> အစ်မ-နှစ်မ၊ သမီးကကို၊ စ၍ဆက်နှင်း၊ လက်ဆောင်သွင်း၍၊ စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်၊ အတတ်မရှိ၊ သတ္တိကင်းကွာ၊ ဖုန်းကြီးလာမူ၊ ပြည်ရွာပျက်ကြောင်း တပါးတည်း။[2]

ဟုပါရှိပါခကြောင်းနှင့်သံတော်ဦးတင်လိုက်လေ၏။ မင်းတုန်းမင်းကြီးသည် အလွန်မျက်မန်ရှတော်မူရကား၊ စုံကိုင်တော်မူသောလုံတော်ကိုမြှောက်၍ "သည်လုံနှင့်ငါ့ခမည်းတော်စီရင်၍ နင့်အဖယင်းတောဝန်ကြီးသေကြောင်းမှတ်မိသလော" ဟုမိန့်တော်မူလေသည်။ သို့ရာတွင်၊ ယောအတွင်းဝန်သည် အနည်းငယ်မျှတုန်လှုပ်ခြင်းမရှိဘဲ ရင်ကိုဖွင့်ကာ-"ထိုးတော်မူပါဘုရား" ဟုရဲဝန့်စွာလျှောက်တင်လိုက်သည်။ဘုရင်မင်းမြတ်မှာ၊ စိတ်တော်မကြည်မသာနှင့်ပင် အတွင်းတော်သို့ ဝင်တော်မူရလေသည်။ အခြားမှူးကြီးမတ်ရာများက အဘယ်ကြောင့် ဤမျှတင်းတင်းမာမာ အတိုက်အခံပြုရသနည်းဟု- မြစ်တင်ပြောဆိုကြရာ၊ ယောအတွင်းဝန်က ဘုရင့်လက်ချက်နှင့်ပင် အပြုံးမပျက်သေလိုပါသည်။ ဖိုးလိုင်သည် မင်းအလိုလိုက်မင်းကြိုက်ကိုဆောင်နေ၍၊တိုင်းပြည်ကြီး ပျက်ရသည်ဟု ရာဇဝင်အတွင်မခံနိုင်ပါဟု ပြန်လည်ပြောဆိုလိုက်ပါသည်။[3] ယင်းသို့လျှင် အလွန်ပင်ခေါင်းမာ၍ မနာမခံရှိသော်လည်း၊ လက်မလွှတ်နိုင်သဖြင့်၊ ဘုရင်မင်းမြတ်မှာ ယောအတွင်းဝန်အား အကြိမ်ကြိမ်ရာထူးစည်းစိမ် နှုတ်သိမ်းသော်လည်း အကြောင်းကြောင်းကြောင့် ပြန်လည် ခေါ်ယူခန့်ထားရသည်ချည်းဖြစ်လေသည်။ သဘောချင်းမတိုက်ဆိုင်မှုများရှိသော်လည်း၊ မင်းတရားကြီးသည်၊ ဦးဖိုးလိုင်၏ သိက္ခာသမာဓိနှင့် အစွမ်းသတ္တိကို လွန်စွာလေးစား၏ ထို့ကြောင့် သက္ကရာဇ် ၁၂၃၆ (၁၈၇၄) ခုနှစ်တွင် ရွှေပြည်ဝန်ခန့်ထားတော်မူသည်။ မင်းတုန်းမင်း၏ နန်းစံနောက်ဆုံးနှစ်ဖြစ်သောသက္ကရာဇ် ၁၂၄၀ (၁၈၇၈) ခုနှစ်တွင် သတိုးတပ်ဘွဲ့ထပ်ဆင့်၍သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူဘွဲ့ပေးသနားတော်မူသည်။ သီပေါမင်းလက်ထက် ရွှေပြည်ဝန် ရာထူးတွင် ဆက်လက်ထမ်းရွက်ရသော်လည်း များမကြာမီပင် ရာထူးမှနှုတ်၍ အကျဉ်းချထားခြင်းခံရလေသည်။ ယင်းသို့ အကျဉ်းချထားခံရခြင်းမှာ "ဘုရင်မင်းမြတ်သည် လွန်စွာ အသုံးအဖြုန်းကြီးကြောင်း၊ ဘဏ္ဍာတော်ဆိုသည်မှာ ဆင်ရဲသားကျေးတော်မျိုး ကျွန်တော်မျိုးများ၏ ချွေးနည်းစာမှ ညှစ်ထုတ်ယူထားသည်ဖြစ်၍ ကျောက်ခဲသလဲကဲ့သို့ သဘောမထားသင့်ကြောင်း"[4] နှင့် ပြင်းပြင်းထန်ထန် ဝေဖန်သောကြောင့်ပင် ဖြစ်ပါသည်။

၁။ ဝန်ကြီးမှူးကြီးများ၊ ၀၉။ See also *GUBSS* Part I, Vol I, p 67.

၂။ ဝန်ကြီးမှူးကြီးများ၊ ၁၀၃-၀၄။

၃။ ဝန်ကြီးမှူးကြီးများ၊ ၁၀၄

၄။ *GUBSS* Part I, Vol I, p 67.

ဤပုဂ္ဂိုလ်ကြီးသည်၊ စာပေနယ်တွင်လည်း ထင်ရှားကျော်စောခဲ့ပါ၏။ ပြုစုခဲ့သည့်ကျမ်း အချို့ကို ဖေါ်ပြပါမည်။

လိပိဒီပိကာကျမ်း[၁] - ကြေးနန်းရိုက်နည်း လက်သုံးဖြစ်သည်။ မော့စ်ဥဒေကို မြန်မာဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။

ပြင်သစ်ဓါတ်ကျမ်း Andre Marie Ampere (၁၇၇၅-၁၈၃၆) ပြင်သစ်ဘာသာဖြင့် ရေးသားသည့် ကင်မစ္တြီ စာအုပ်ကို မင်းတင်ပညာသိဒ္ဓိကျော်ခေါင်နှင့် တွဲဖက်၍ မြန်မာဘာပြန်ဆိုထားခြင်းဖြစ်သည်။

ဥတုဘောဇနကျမ်း[၂]- ဆေးကျမ်းဖြစ်ပါသည်။

ရာဇဓမ္မသင်္ဂဟကျမ်း-[၃] သီပေါမင်းကို သွန်သင်ညွှန်ပြရန် ၁၈၇၈-ခုနှစ်တွင် ပြုစုရေးသားသည်။ ဤကျမ်းတွင် ဝန်ကြီးသည် မြန်မာနိုင်ငံရေး အတွေးအခေါ်နှင့် ယူဆချက်များကို ဖေါ်ထုတ်တင်ပြရန် ကြိုးပမ်းခဲ့သည်ဟု ထင်မြင်ဘွယ်ဖြစ်သည်။ အချို့အခန်းများကို **မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း**၊ ပထမတွဲ၊ စာမျက်နှာ ၁၃၀-၉ တွင် ထည့်သွင်းဖေါ်ပြထားပါသည်။ ဝန်ကြီးသည် ဗြိတိသျှတို့၏ အခြေခံဥပဒေနှင့် အုပ်ချုပ်နည်းကို နှစ်သက်လိုလားပေသည်။

ယောအတွင်းဝန်သည်၊စာပေကျမ်းဂန် နှံ့စပ်အောင်လိုက်စား၏။တိုင်းရင်းဘာသာနှင့်တကွ အစဉ်အလာလေ့လာမြဲဖြစ်သော ပါဠိ၊ သင်္သကရိုက်အပြင်၊ ဘာသာမျိုးခြား စာပေများကိုလည်းဆည်းပူးလေ့လာသည်။ ဂျေတာလ်ဘိုင်းဝှီးလားသည် ၁၈၇၀ ခုနှစ်က တွေ့ဆုံခဲ့ရသည့် ယောအတွင်းဝန်အကြောင်းကို ဤကဲ့သို့ ထင်မြင်ချက်ရေးသားခဲ့ပါသည်။

> ယောအတွင်းဝန်သည် ကျွန်ုပ်ရေးသားသော အိန္ဒိယပြည် ရာဇဝင်နှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးသည်။ နိပါတ်တော်များနှင့် ဟိန္ဒူပုံပြင်များတွင် ထင်ရှားကျော်ကြားလှသည့် ကပိလဝတ်၊ မဂဓနှင့် အခြားအိန္ဒူမြစ်ဝှမ်းရှိ နယ်မြေများအကြောင်းကို မေးမြန်းရာ၊ ကျွန်ုပ်ရှင်းလင်းဖြေဆိုသည်ကို လွန်စွာကြေနပ် နှစ်သက်ခြင်းရှိပေသည်။[၄]

ဤသည်တို့ကား မင်းတုန်းမင်းကြီး၏ အုပ်ချုပ်ရေးအဖွဲ့ဝင် မှူးကြီးမတ်ရာများဖြစ်ပါသည်။ မန္တလေးမြို့ရှိ ဗြိတိသျှတို့၏ ကိုယ်စားလှယ်ဖြစ်သူ အီ၊ဘီ၊စလေဒင်က နေ့စဉ်မှတ်တမ်းတွင် ဤမှူးကြီးမတ်ရာများအကြောင်းကို အောက်ပါအတိုင်း ရေးသားထားပါသည်။

> ဤအရာရှိကြီးများကား၊ ဘုရင်ကြိုးဆွဲရာ ကရသောရုပ်သေးများဖြစ်ကြ၏။ ဘုရင်ကို ဦးစွာသံတော်ဦးတင်၍ သဘောတူညီချက်မရယူဘဲ မည်သည့် အမှုကိစ္စမျိုးကိုမျှ မဆောင်ရွက်နိုင်ကြချေ။ သို့သော်သူတို့ သဘောကျကြိုက်ညီသောအခါမျိုး၌၊ ဘုရင်မင်းမြတ် ရွှေနားတော် ပေါက်ကြားမည် မဟုတ်ဟု စိတ်ချရလျှင် ဘုရင့်အမိန့်တော်ကို ရံဖန်ရံခါ လျစ်လျူပြုကြသည်။ ဘုရင်မင်းမြတ်ကလည်း၊ တခါတရံကြီးစွာသော တာဝန်ဝတ္တရားတို့၏လှုံ့ဆော်မှုကြောင့်၊ မှူးကြီးမတ်ရာများ၏ ပြောဆိုမှုကိုအားမရ၊ စိတ်ပျက် ပင်ပန်းခြင်းဖြစ်ကာ၊ ပြစ်တင်ငြိုငြူတတ်လေသည်။ သို့သော်မှူးကြီးမတ်ရာများ ဤသို့ ကိုယ်စိုးကိုယ်ပိုင်စွမ်းသတ္တိမဲ့နုံနဲ့နေရခြင်းမှာ မင်းကိုယ်တိုင်ကဖန်တီးခြင်းကြောင့်သာဖြစ်ပေသည်။[၅]

အီ၊ဘီ၊စလေဒင်၏မှတ်ချက်ကားစစ်စစ်ဆေးဆေးစဉ်းစားနိုင်းချိန်၍ ပြောသည်ဟုမယူဆပါ။ အထက်က ပြဆိုခဲ့ပြီးသည့်အတိုင်း အမှူးအမတ်တို့သည် ဘုရင့်ကြိုးဆွဲရာ ကရသည့် အရုပ်များမဟုတ်ချေ။ များစွာသော သူတို့မှာ အမြော်အမြင်စွမ်းရည်သတ္တိပြည့်ဝသည့်ပညာရှိကြီးများဖြစ်လျက် မှန်ရာကိုလုပ်ရဲကြောင်းသာဓကများပြခဲ့ပြီးပါပြီ။

၁။ မေဂျာ အေအာမက္ကမဟန်၊ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။ ရန်ကုန်မြို့ ၁၈၇၁ (အမျိုးသားစာကြည့်၊ ဘီ ၂၉၂)
See also E.H.Seppings "A Morse Code of Burmese" *JBRS*, XX,i,47-8 and J.S. Furnivall A Morse Code of Burmese", *JBRS*, XIX, ii, 43-4

၂။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၁၄

၃။ ရန်ကုန်မြို့၊သူရိယပုံနှိပ်တိုက်၊ ၁၉၁၅။ (ထပ်မံပုံနှိပ်ခြင်း ရန်ကုန်မြို့၊ထိန်ဝင်းစာပေပြန့်ချိရေး၊ ၁၉၆၀)

၄။ J. Talboys Wheeler "*Journal of a Voyage up the Irrawaddy to Mandalay and Bhamo*" p.56

၅။ *India Foreign and Political Proceedings*, No. 202 May 1867

မင်းတုန်းမင်းသည် အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲအပြီးတွင်မှ ထီးနန်းစည်းစိမ်ကိုရရှိပေရာ၊ သူ၏လက်နက်နိုင်ငံတော်မှာ ရှေးမင်းအဆက်ဆက်တို့ထက် ကျဉ်းမြောင်း၍ အခွန်ဘဏ္ဍာတော် နည်းပါးလေသည်။ သို့ရာတွင် အုပ်ချုပ်ရေးစက်ယန္တယားမှာပိုမိုကြီးမားလျက်၊ နိုင်ငံခြားဆက်သွယ်ရေးပိုမိုရှုပ်ထွေးလာ၏။ သံကြီးတမန်ကြီးများ လဲလှယ်ရသည်၊ ငြိမ်းချမ်းစွာဆက်ဆန်ရေးကို ရှေးရှုရသည်။ မဟာမိတ်စာချုပ်များချုပ်ဆိုရလေသည်။ ဤတာဝန်ဝတ္တရားများကား ဝန်ကြီးမှူးကြီးတို့ထမ်းဆောင်မြဲတွင် ပိုလာသောအလုပ်များဖြစ်ပါသည်။သို့ဖြစ်သော်လည်း ဝန်ကြီးမှူးကြီးများသည် ကျရောက်လာသည့်ဝန်တာကိုကျေပွန်စွာထမ်းဆောင်နိုင်စွမ်းရှိကြပါသည်။

မင်းတုန်းမင်း၏ အုပ်ချုပ်ရေးအဖွဲ့ဝင် မှူးကြီးမတ်ကြီးများသည် မင်းအပေါ် မှီခို အားထားနေကြရသော်လည်း မင်းလိုလိုက်မင်းကြိုက်ဆောင်သည့် မင်းမြောင်စိုးကပ် အမတ်များမဟုတ်ကြချေ၊ ပုခန်းဝန်ကြီးနှင့် ယောအတွင်းဝန်တို့မှာထင်ရှားသောသာဓကများဖြစ်ပါသည်။ အီ၊ဘီ၊စလေဒင်မှတ်ချက်ချသကဲ့သို့ ရုပ်သေးဝန်ကြီးများဖြစ်ပါက၊ဘုရင့်အလိုတော်နှင့်ဆန့်ကျင်၍ လျှောက်တင်ပြုမှုဝံ့ကြမည်မဟုတ်ချေ။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ပုခန်းဝန်ကြီးသည် ဘုရင်ကတိုက်ရိုက်ရာထူးခန့်အပ်ခြင်းကိုပင် အတိအလင်းပယ်ဖျက်ခဲ့လေသည်။ သို့သော် ဤပညာရှိမှူးကြီးမတ်ကြီးများသည် တိုင်းပြည်တွင်လိုအပ်သော ပြုပြင်ရေးများ တည်ထွင်မှုများ ဆောင်ရွက်ရန် ဘုရင်မင်းမြတ်အား မဆွဲဆောင်နိုင်ခဲ့သည်မှာ ဝမ်းနည်းဘွယ်ပင်ဖြစ်ပါသည်။ ကနောင်မင်းသားသည်၊ နိုင်ငံတော်ကို၊ အနောက်နိုင်ငံနည်း ခေတ်မှီနိုင်ငံတခုဖြစ်လာစေရန်ကြံရွယ်တော်မူသည်ဟု ထင်ရလောက်အောင် လက်နက်ပြုလုပ်ခြင်းနှင့် စက်မှုလက်မှုအတတ်ပညာများကိုသင်ကြားရန် အနောက်နိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခဲ့ဘူး၏ သင်္ဘောလုပ်စက်ရုံတော်၊ လက်နက်စက်ရုံ၊ သေနတ်စက်ရုံ၊ သံရည်ကြိုစက်၊ ယက်ကန်းစက်၊ လွှစက်၊ ဝါဂွမ်းစက်၊ သကြားစက်အစရှိသည့် စက်ရုံတော်များကို တည်ထောင်တော်မူသည်။ သို့ရာတွင်၊ ကနောင်မင်းသား နတ်ရွာစံပြီးနောက်၊ ဤစက်ရုံများကို များသောအားဖြင့် ဆက်လက်အားပေးလုပ်ဆောင်ခြင်းမရှိ၊ ရပ်စဲထားလေသည်။[၁] ဘုရင်မင်းမြတ်သည် ဤလုပ်ငန်းတွင် စိတ်ဝင်စားလိုလားဟန် အထင်အရှားမပြသဖြင့် မှူးကြီးမတ်ရာတို့သည်၊ယင်းတို့အမှန်လိုအပ်သည်ဟုထင်မြင်သဘောပေါက်သော်လည်း၊ဆက်လက်ဆောင်ရွက်ရန်မတင်လျှောက်ကြချေ။ ယင်းသို့ဖြစ်ရခြင်းမှာ၊ မှူးကြီးမတ်ရာများသည်၊ အစဉ်အလာအားဖြင့် ကျိုးနွံပြီးဖြစ်လျက် 'နွားရှေ့ထွန်ကျူးသည်'ဟူသော အဖြစ်မျိုးကို လွန်စွာစိုးရွံ့ သတိထားကြသောကြောင့်ဖြစ်ပါသည်။ အနောက်နိုင်ငံများသို့ သွားရောက်ဘူးသူများမှာ အတွေးအခေါ်သစ်များ ကိန်းအောင်းလျက်၊ အခြေခံဥပဒေနှင့် အုပ်ချုပ်သည့်ဘုရင်စံနစ်ကိုပင် လိုလားနှစ်သက်သည်အထိဖြစ်ပါသည်။ အပြုအမူများလည်း အနောက်တိုင်းဆန်လျက်၊ နိုင်ငံခြားဧည့်သည်များကိုထား၊ ခရင်းဇွန်းစသည်တို့နှင့် တည်ခင်းကျွေးမွေးသည်သာမက၊ ရှယ်ရီနှင့်ပင်ဧည့်ခံကြလေသည်။[၂] သို့ရာတွင် ဤပုဂ္ဂိုလ်ကြီးများသည်၊ မိမိတို့မှာ ကျေးတော်မျိုး ကျွန်တော်မျိုးများဖြစ်၍ မင်း၏အလိုကိုဖြည့်စွမ်းရမည်၊ ဆင့်ဆိုရာနာခံရမည်၊ အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရမည်၊ သင့်မသင့် တိုင်ပင်တော်မူမှသာလျှင် အကြံဉာဏ်ပေးရမည်-ဟူသည့်အချက်ကို မမှိတ်မသုံ ယုံကြည်စွဲမြဲကြသူများဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏သဘောအလျှောက် အကြံပေးလျှောက်ထားခြင်းမပြုကြချေ။ ထို့အပြင် ဝန်ကြီးတို့လိုက်နာရန်ဥပဒေတွင် အရှင့်အကျိုးတော်ကို မြှော်ထောက်၍ အမှုတော်ကို ထမ်းရွက်ရမည်ဟု အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> ခပ်သိမ်းသောစီရင်ခင်း စီရင်ဘွယ်ရှိသမျှတို့ကို မည်မည့်အရာမှာ အလိုတော်မည်သို့ရှိသည် မည်သည့်အရာမှာ အကျိုးတော်ဖြစ်ထွန်းရန် မည်သို့ရှိသည်များကိုသာ ချင့်ထောက်စဉ်းစား၍ အလိုတော်မြတ်နှင့်ညီအောင် အကျိုးတော်ဖြစ်ထွန်းအောင်ကိုသာ စီရင်လေ့ရှိခြင်း။[၃]

၁။ ဦးတင်ရွှေနန်းသုံးဝေါဟာရအဘိဓါန်။ ပုဒ်ရေ ၂၃၆-၅၀၊ စာမျက်နှာ ၁၄၀-၅၅

၂။ *Burma Past and Present*, *Vol. II*, *Appendix C*. *p 275*

၃။ အမျိုးသားစာကြည့်တိုက်။ ပုရပိုက် ၂၃၃

နိဂုံးချုပ်ပြောရသော်၊ မင်းတုန်းမင်းသည်၊ ရှေးမင်းအဆက်ဆက်တို့ကဲ့သို့ပင်၊ မှူးကြီးမတ်ရာများကို၊ ဘုန်းလက်ရုံးနှင့် ဖိနှိပ်အုပ်ချုပ်ရန် ကြိုးပမ်းလေသည်။ သို့ရာတွင် အထက်ကဖော်ပြခဲ့သည့်အတိုင်း၊ မင်းတုန်းမင်း၏ မှူးကြီးမတ်ရာများမှာ၊ စိမံရာနာခံသည့် ရုပ်သေးဝန်ကြီးများမဟုတ်ချေ။ ဘုရင်မင်းမြတ်က၊ ၎င်းတို့ကိုမလွန်ဆန်နိုင်ဘဲ လိုက်လျှောရသည်သာများလေသည်။ ယင်းသို့ဆိုခြင်းဖြင့်၊ မင်းတုန်းမင်းတရားကြီးမှာ တန်ခိုးသြဇာညှိုးဖျင်း၍၊ ၎င်း၏မှူးကြီးမတ်ရာများမှာ လွန်စွာအင်အားကြီးမား တန်ခိုးထွားသည်ဟု မယူဆအပ်ပေ။ မင်းတုန်းမင်းသည် ၂၆-နှစ်တိတိ ရွှေနန်းစည်းစိမ်ကိုကောင်းစွာခံစားလျက် တိုင်းပြည်ကို အေးချမ်းသာယာစွာ အုပ်ချုပ်နိုင်ခဲ့သည်မှာ၊ လုပ်ရည်ကိုင်ရည်ရှိသည့် ပညာရှိမှူးကြီးမတ်ရာများ သစ္စာရှိစွာအမှုတော်ကို ထမ်းရွက်ကြခြင်းကြောင့်ပင်ဖြစ်ပါသည်။